# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံများ လျာထားကေကျော်လွန်စိုက်ပျိုးနိုင်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဆိပ်ဖြူ အောက်တိုဘာ ၁၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီ ဆီထွက်သီးနှံများ လျာထားကေထက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထား၍ လုပ်ကိုင်လျက်ရှိပြီး စားသုံးဆီ ဖူလုံရေးအတွက် ၂၀၂၃ ခုနှစ် မိုးရာသီတွင် *စာမျက်နှာ ၃ ကော်လံ ၁* ◆





ဆိပ်ဖြူမြို့နယ်ရှိ ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ဤသို့ တွေ့ရသည်။

## ယနေ့ မာတိကာ

### “မိုခါ” မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၆)

(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

ဆောင်းပါး စာ ၆






### မလေးရှားနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာများနှင့် စီးပွားရေးပုံစံသစ်ကို လေ့လာခြင်း

ဆောင်းပါး စာ ၁၀

### ထိုင်းနိုင်ငံက ရုရှားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ရက်ပေါင်း ၉၀ အထိ တိုးမြှင့်

နိုင်ငံတကာသတင်း စာ ၁၃



# အမျိုးသားရေးအင်အား

မျက်မှောက်ကာလ နိုင်ငံတကာဆက်ဆံရေးတွင် အင်အားက အရေးပါသည်။ နိုင်ငံတစ်နိုင်ငံသည် အင်အားတောင့်တင်းသည့် (Strong State) လား၊ အင်အားနည်းသည့် (Weak State) လား၊ ဘက်ပေါင်းစုံမှာ အရေးနိမ့်နေသည့် (Failed State) လား၊ သို့မဟုတ် ဗုန်းဗုန်းလဲသွားပြီဖြစ်သည့် (Collapsed State) လား စသည်ဖြင့် အဆင့်ဆင့်ရှိသည်။ အင်အားကြီးလျှင် မျက်နှာကြီးရာ ဟင်းဖတ်ပါ၍ အင်အားနည်းလျှင် မြေနိမ့်ရာ လှံစိုက်ခံရမည်။ နာလန်မထူ၊ ဗုန်းဗုန်းလဲသည့်ဘဝဆိုပါက လူမလေး ခွေးမခန့် အဖြစ်သို့ ရောက်သွားမည်။

သို့ဖြစ်ရာ နိုင်ငံတိုင်းက မိမိကိုယ်ကို ခိုင်မာတောင့်တင်းအောင် အပြိုင်အဆိုင် တည်ဆောက်ကြရသည်။ သို့ဖြင့် မဟာအင်အားကြီး နိုင်ငံများ၊ အင်အားကြီးနိုင်ငံများ၊ ဒေသတွင်းအဆင့် အလယ်အလတ်အဆင့် စသည်ဖြင့် အင်အားရှိသော နိုင်ငံများအဖြစ် ရပ်တည်လာကြသည်။ ယင်းသို့ နိုင်ငံများ၏ အင်အားကို တိုင်းတာရာတွင် အခြေခံညွှန်းကိန်းများဖြင့် တိုင်းတာခြင်းဖြစ်ပြီး နိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်း၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ သဘာဝသယံဇာတများ၊ လူဦးရေစသော Natural ဆိုင်ရာ အချက်အလက်များနှင့် ထိုနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး အသင့်ရှိမှု၊ အမျိုးသားရေးစိတ်ဓာတ်၊ သတင်းပြန်ကြားရေး စသော Social ဆိုင်ရာ အချက်အလက်များ ပါဝင်သည်။ အဆိုပါ အချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံခြားရေးမူဝါဒတို့အပေါ်တွင် အဓိကသက်ရောက်သည့် အလျောက် နိုင်ငံ၏စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရန် ကြိုးပမ်းကြရသလို အမျိုးသားရေးစိတ်ဓာတ် နိုးကြားထက်သန်နေစေရန်လည်း တစ်ရံမလပ်နှိုးဆော်ပေးနေရန် လိုသည်။

အမျိုးသားအကျိုးစီးပွားကို ဦးတည်၍ နိုင်ငံတိုင်းက ကိုယ့်ပြည်တွင်းအင်အားကို တည်ဆောက်ကြရာတွင် သဘောတရား အယူအဆများဟူသည် လူကြားကောင်းရုံ အပေါ်ယံမျှသာဖြစ်ပြီး အစစ်အမှန်နိုင်ငံရေး (Realpolitik)မှာမူ အမျိုးသားအကျိုးစီးပွားက ပထမဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးတွင် တစ်နိုင်ငံတည်း ရပ်တည်နေရန် မဖြစ်နိုင်ခြင်းကြောင့် အကျိုးစီးပွားတူရာတူရာ အုပ်စုဖွဲ့ခြင်း၊ နိုင်ငံကြီးတစ်ခုခု၏ ထီးရိပ်ကိုခိုခြင်း စသည်တို့ ပြုလုပ်ကြသကဲ့သို့ နိုင်ငံအချင်းချင်း ပွတ်တိုက်မှုများ၊ ပြိုင်ဘက်နိုင်ငံ သို့မဟုတ် ပစ်မှတ်ထားသည့်နိုင်ငံတွင် အင်အားတည်ဆောက်၍ မရအောင်၊ တည်ငြိမ်မှုကင်းမဲ့အောင်၊ ကျရှုံးပြိုလဲသည့် နိုင်ငံဘဝရောက်အောင် ပါဝါအမာ (Hard Power)၊ ပါဝါအပျော့ (Soft Power) နည်းလမ်းများဖြင့် တိုက်ခိုက်မှုများလည်း ပြုလုပ်ကြသည်။

အထက်ဖော်ပြပါ အချက်အလက်များနှင့် ချိန်ထိုးကြည့်မည်ဆိုပါက မိမိတို့မြန်မာနိုင်ငံသည် အမျိုးသားအင်အား ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ရန်အတွက် တည်နေရာ၊ အကျယ်အဝန်း၊ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ သယံဇာတ၊ လူဦးရေဟူသော သဘာဝပေးဆိုင်ရာ အခြေအနေကောင်းများနှင့် ပြည့်စုံပြီးဖြစ်သည်ကို တွေ့ရှိနိုင်သည်။ သို့ရာတွင် လူမှုရေးဆိုင်ရာများဖြစ်ပြီး အစိုးရနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဖော်ဆောင်ကြရမည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ် (National Character and National Morale)၊ လူသားအရင်းအမြစ် ပျိုးထောင်မြှင့်တင်ရေး၊ နည်းပညာဖွံ့ဖြိုးရေးတို့ကို ဇွဲ၊ လုံ့လ၊ ဝီရိယ၊ စည်းလုံးညီညွတ်မှုတို့ဖြင့် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းကြရန် လိုအပ်လျက်ရှိသည်။

နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် ပါဝါအရွေ့အပြောင်းကာလ ပဋိပက္ခများ၊ တင်းမာမှုများနှင့်အတူ ကမ္ဘာ့နိုင်ငံရေး ရာသီဥတု အပြောင်းအလဲများကို စဉ်ဆက်မပြတ်လေ့လာရင်း မိမိတို့၏ နိုင်ငံတွင် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးတို့ကို ပြည်တွင်းအင်အားဖြင့် ဆောင်ရွက်ကာ အနာဂတ်တွင် အင်အားခိုင်မာတောင့်တင်းသည့် နိုင်ငံအဖြစ် ရည်မှန်းတည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဗဟိုအဆင့်ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား ကြည့်ရှုအားပေး

**ထားဝယ် အောက်တိုဘာ ၁၇**

နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၃ ခုနှစ်(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့သည် ထားဝယ်မြို့ ကွန်ပျူတာတက္ကသိုလ် (ထားဝယ်) ရှိ အဆောင်များ၌ စခန်းသွင်း လေ့ကျင့်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက လိုက်လံကြည့်ရှု အားပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက် (၁၀ – ၁၅) နှစ်၊ (၁၅ – ၂၀) နှစ်၊ အဆင့်မြင့်ပညာ အဆင့်၊ ဝါသနာရှင်အဆင့်တို့တွင် ပြိုင်ပွဲဝင်များ၏ စခန်းသွင်း လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ၁၀ မြို့နယ်ရှိ ပြိုင်ပွဲဝင်အားလုံးစုပေါင်းပြီး သွားရောက်ရမည်ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းလုံးညီညွတ်စွာဖြင့် သွားရောက်ရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲဝင်များအားလုံး အကောင်းဆုံးယှဉ်ပြိုင်ခဲ့ပြီး ညီညွတ်စွာဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့က စခန်းသွင်းလေ့ကျင့်နေသူများအား ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ညောင်ဦးမြို့နယ်အတွင်း ပုဂံခေတ်ရေကန်များပြန်လည်ပြုပြင်မည့်အခြေအနေစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၁၇ ရက်က ညောင်ဦးမြို့နယ်အတွင်း ပုဂံခေတ် ရေကန်များ ပြန်လည်ပြုပြင်မည့် အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ်အတွင်း ပုဂံခေတ်မှ ယခုအချိန်အထိ တည်ရှိနေပြီး ကန်ကောသဖွယ်ဖြစ်နေကာ မိုးရွာသွန်းချိန် ရေထိန်းသိမ်းမှုနည်းပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေကြီးရေလျှံ၊ ရေဝပ်ခြင်းများဖြစ်နေမှုကြောင့် ရေကန်များ ပြန်လည်တူးဖော်ပြီး ရေစီးလမ်းကြောင်းများ ပြန်လည်ကောင်းမွန်စီးဆင်းစေရန်နှင့် ရေကန်ရေရိုး၊ ရေကျော်များ ပြန်လည်ပြုပြင်မည့် ကုန်းတန်းကြီးကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာရှိ အလံပုဂံရေကန်၊ မင်းနန်းသူကျေးရွာအုပ်စု မင်းနန်းသူကျေးရွာရှိ မရိုးကန်၊ ညောင်လက်ဖက်ကန်တို့ကို ရေဝင်ရောက်ဧရိယာ၊ ရေကန်များမှ အကျိုးပြုကျေးရွာနှင့် ရေဝင်ရောက်မှုလမ်း၊ ရေပိုထွက်ရေလမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားကြီးနှင့် ရွှေစည်းခုံဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကာ အာနန္ဒာဘုရားကြီး တောင်ဘက်မုခ်နှင့် မြောက်ဘက်မုခ်တို့ကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာနန္ဒာဘုရားကြီးနှင့် ရွှေစည်းခုံဘုရားကြီး နဝကမ္မအတွက် အလှူငွေ လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီခွဲတွင် ပုဂံမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနပြတိုက် (ပုဂံ) အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး တက်ရောက်ကြသူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ဒီပါလင်း**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို စက်ရုံညွှန်ရိုက်သာ၌ စက်ရုံမှူးက စက်ရုံဝင်းအတွင်းရှိ စက်သုံးဆီသိုလှောင်ကန်များ၊ စက်သုံးဆီ တင်ချဆိပ်ခံတံတား၊ ရေနံဓာတ်ငွေ့ရည် သိုလှောင်ကန်များ၊ စက်ဆီရောစပ်စည်သွတ်စက်ရုံကို ပြုပြင်မွမ်းမံထိန်းသိမ်းမှု၊ စက်ရုံဓာတ်ခွဲခန်းတွင် စက်သုံးဆီနှင့် စက်ဆီ/ချောဆီများ အရည်အသွေးစမ်းသပ်နေမှုနှင့် စက်ဆီရောစပ်စည်သွတ်စက်ရုံလည်ပတ်ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ စက်ရုံများ ရပ်ဆိုင်းထားခြင်းဖြင့် စက်ပစ္စည်းကိရိယာများသည် ပို၍ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေနံချက်စက်ရုံကဲ့သို့သော Chemical Plant များအား ရပ်ဆိုင်းထားခြင်းကြောင့် စက်ရုံတွင် အသုံးပြုထားသည့် ပိုက်လိုင်းများမှာ လျင်မြန်စွာ ဆွေးမြည့်ပျက်စီးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် ရပ်ဆိုင်းထားသည့် စက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ပြီး စီးပွားရေးအရ တွက်ခြေကိုက်ရန်အတွက် စဉ်းစားရာတွင် လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် နည်းလမ်းများရှာဖွေဖော်ရှင်းသွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ကာလ နိုင်ငံတကာရှိ ရေနံချက်စက်ရုံများသည် ကုန်ကြမ်းပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်အထိ ကုန်ချောထုတ်လုပ်လျက်ရှိပါကြောင်း။

လက်ရှိ နိုင်ငံပိုင်ရေနံချက်စက်ရုံများ၏ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်မှုသည် ပြည်တွင်း သုံးစွဲမှု၏ ၃ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်သည့်အတွက် ပြည်တွင်းစက်သုံးဆီသုံးစွဲမှုကို ဖူလုံစေရန် ပြည်ပမှ တင်သွင်းဖြန့်ဖြူးပေးနေရပါကြောင်း၊ ပြည်တွင်းစွမ်းအင်သုံးစွဲမှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ကြိုးစားရှာဖွေတူးဖော်ထုတ်လုပ်ကြရန်လိုသကဲ့သို့ ထုတ်လုပ်ရရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို စီးပွားရေးအရ တွက်ခြေကိုက်စေရန်နှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ကြစေရန် စနစ်တကျချက်လုပ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်သွားရမည်ဖြစ်ပါကြောင်း၊ ထုတ်လုပ်ရရှိသည့် ရေနံစိမ်းများ ချက်လုပ်နိုင်ရေးအတွက် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်သွားရန်လိုအပ်သလို လက်ရှိရေနံချက်စက်ရုံများကိုလည်း အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ရေနံချက်စက်ရုံအသစ် တည်ဆောက်ရာတွင်လည်း ရေနံထွက်ပစ္စည်းအမျိုးမျိုး ချက်လုပ်နိုင်သည့် Petrochemical Complex အဆင့်အထိ တည်ဆောက်နိုင်ရန် မျှော်မှန်းထားရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် နည်းပညာနှင့် အရင်းအနှီးများရရှိနိုင်ရေးအတွက်ကိုလည်း နိုင်ငံတကာကုမ္ပဏီများအား ဖိတ်ခေါ်ကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံဝန်ထမ်းများအနေဖြင့် ရေနံချက်လုပ်ခြင်းနှင့် ဓာတ်မြေဩဇာထုတ်လုပ်ခြင်းများ၏ လုပ်ငန်းစဉ် Process များကို ကျွမ်းကျင်ပိုင်နိုင်သည်အထိ သေချာစွာလေ့လာသင်ယူကြရန်လိုအပ်သလို နောင်အနာဂတ်မျိုးဆက်သစ်များသို့လည်း လက်ဆင့်ကမ်းပညာအမွေပေးနိုင်ရေး ကြိုးပမ်းကြရန်တိုက်တွန်းလိုပါကြောင်း၊ နည်းပညာတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research & Development – R&D)ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံသင်တန်းကျောင်း၌ စက်ရုံဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကိစ္စများကို တာဝန်ရှိသူအဆင့်ဆင့်က အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း စက်ရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ စက်ရုံဝင်းနှင့် ဝန်ထမ်းအိမ်ရာများ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးဂရုပြု ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပုဗ္ဗသီရိမြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မင်္ဂလာဒီပရပ်ကွက်၊ သပြေတန်းကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ကျည်တောင်ကန်ကျေးရွာအုပ်စုနှင့် ဖြုတ်ခွဲကျေးရွာအုပ်စု၊ ဇဝနဒီပရပ်ကွက်၊ ဝဏ္ဏဒီပရပ်ကွက်၊ ရတနာဒီပရပ်ကွက်၊ သစ်ယာကုန်းကျေးရွာအုပ်စုနှင့် ကျည်တောင်ကန် (၆) ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများ၊ ပါတီကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်၍ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ စမ်းသပ်မဲပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက မဲရုံအဖွဲ့ဝင် တာဝန်ယူကိုင်တွယ်ဆောင်ရွက်ရသည့် ထိန်းချုပ်စက်အား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ထိန်းချုပ်စက်မှ မဲရလဒ်စာရင်းများ ဖော်ပြသည့် စက္ကူဖြတ်ပိုင်းနှင့် မဲပေးချက်ဖော်ပြသည့် စက်တွင်ပါဝင်သော မဲပုံးအတွင်းမှ ဆန္ဒမဲဖြတ်ပိုင်းများ အရေအတွက်တူညီမှုရှိကြောင်းနှင့် မှန်ကန်မှုရှိကြောင်း တိုက်ဆိုင်စစ်ဆေးခြင်းစသည့်လုပ်ငန်းစဉ်များကို ပါဝင်ဆောင်ရွက်ကြသည်။

ရှင်းလင်း ဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းများသို့ နံနက်ပိုင်းတွင် မဲဆန္ဒရှင်ပြည်သူ ၂၄၀၊ မွန်းလွဲပိုင်းတွင် မဲဆန္ဒရှင်ပြည်သူ ၂၃၀ တက်ရောက်ပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၄ ခုမှ မဲဆန္ဒရှင်ပြည်သူများအား ရှင်းလင်းဆွေးနွေးခြင်းနှင့် စမ်းသပ်မဲပေးခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ရက်မှ ၂၀ ရက် အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ ***ရွှေ့ဖုံးမှ***

ဆီထွက်သီးနှံ မိုးနေကြာ၊ မိုးမြေပဲ၊ မိုး နှမ်းတို့ကို ဇူလိုင်နှင့်ဩဂုတ်လအတွင်း စတင်စိုက်ပျိုးခဲ့ကြသည်။ ဆီထွက်သီးနှံ မိုးနေကြာကို ၁၂၁၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ၁၆၁၅ ဧကစိုက်ပျိုးပြီး၊ မိုး မြေပဲကို ၁၁၅၆၇ ဧကစိုက်ပျိုးရန် လျာထားရာ ၁၁၅၉၁ ဧကကို စိုက်ပျိုးနိုင်ကာ မိုးနှမ်းအတွက် ၄၅၆ဧက လျာထားခဲ့ပြီး ၄၆၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ စိုက်ခင်းများသည် ဒေသ၏ မိုးရေချိန်လုံလောက်စွာရွာသွန်းမှု၊ ဆီထွက်သီးနှံ အထွက်နှုန်းတိုး မျိုးကောင်းမျိုးသန့်များ ရယူစိုက်ပျိုးနိုင်မှု၊ စိုက်ပျိုးရေး နည်းပညာများ တိုးပွားရရှိမှုတို့ကြောင့် စိုက်ခင်းများအောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး အချို့တောင်သူများက ဆီထွက် သီးနှံ မိုးနေကြာ၊ မိုးမြေပဲ၊ မိုး နှမ်း များ စတင်ရိတ်သိမ်းနေပြီဖြစ်သလို အထွက်နှုန်းလည်း ကောင်းမွန်ကြောင်း၊ ကုန်းစိုက်ပျိုးမြေနှင့် ယာစိုက်ပျိုးမြေမှ မိုးဆီထွက်သီးနှံများကို သီတင်းကျွတ်လပြည့်ကျော်နှင့် တန်ဆောင်မုန်းလဆန်းတွင် အပြီးရိတ်သိမ်းကြပြီး ဆောင်းသီးနှံအတွက် တန်ဆောင်မုန်းလအတွင်း မိုးကောင်းသောက် လယ်မြေများ၊ ကိုင်းစိုက်ပျိုးမြေနှင့် မြေနုကျွန်း၊ ချောင်းမြေများတွင် ဆီထွက်သီးနှံများကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဆောင်းဆီထွက်သီးနှံ အတွက် ဆောင်းနေကြာ ၇၅၈၅ ဧက၊ ဆောင်းမြေပဲ ၂၁၈၂ ဧကနှင့် ဆောင်းနှမ်း ၂၅၄၃ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများထံမှ သိရသည်။ **ကိုဇွဲ(အညာမြေ)**

## ပလက်ဝမြို့နယ်ရှိ ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ပလက်ဝ အောက်တိုဘာ ၁၇**



ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အသက် (၉)နှစ်မှ (၁၂) နှစ်ကြားရှိ ကျောင်းသူလေးများအား (HPV) သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်ပြည်သူ့ဆေးရုံ၌ စတင်ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စန်းမာ ဦးဆောင်ပြီး ကျန်းမာရေး ဝန်ထမ်းများက မြို့ပေါ်ရှိ အခြေခံကျောင်းများမှ အသက် (၉)နှစ်မှ (၁၂) နှစ်ကြားရှိ ကျောင်းသူလေးများအား ထိုးနှံပေးခဲ့သည်။ **(အပေါ်ပုံ)**

ပလက်ဝ မြို့နယ်တွင် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး ထိုးနှံပေးရန် ကျောင်းသူ ၅၉၀ အတွက် ဆေးရရှိထားပြီး ပလက်ဝမြို့ပေါ်နှင့် လက်လှမ်းမီ ကျေးရွာများသို့ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယ ခြောက်လပတ် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဒုတိယ ခြောက်လပတ် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ညီနောင် အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ ပို့ကုန်တိုးမြှင့်တင်ပို့ရာတွင် ကဏ္ဍအလိုက် ဆောင်ရွက်ရမည့် နိုင်ငံတော်၏ ဦးတည်ချက် (၉)ရပ်တွင် ပါရှိသည့် စီးပွားရေးဦးတည်ချက်များကို အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်းထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံ၏ ဈေးကွက်လိုအပ် ချက်များနှင့်အညီ တင်ပို့နိုင်ရေး၊ ဈေးကွက်ချဲ့ထွင်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရေး၊ ပို့ကုန်များ လက်ရှိတင်ပို့နေသည့် နိုင်ငံများသာမက အခြားနိုင်ငံများသို့ ဈေးကွက်သစ် ရှာဖွေတိုးချဲ့တင်ပို့နိုင်ရေး တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လုပ်ငန်းရှင်များ၏ မေးမြန်းဆွေးနွေးမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရေးဘွဲ့ B.Edစာပေးစာယူသင်တန်း အမှတ်စဉ် (၄/၂၃) ပထမနှစ် သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲသို့တက်ရောက်

**ပုသိမ် အောက်တိုဘာ ၁၇**

ပညာရေးဘွဲ့ B.Ed စာပေးစာယူ သင်တန်း အမှတ်စဉ် (၄/၂၃) ပထမနှစ်သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ ဘိုကလေးပညာရေး ဒီဂရီကောလိပ် ပညာဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

**စံနမူနာပြများဖြစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာ(Grade-12) တက္ကသိုလ်ဝင်စာမေးပွဲကို ယခင်နှစ်က အကြောင်းကြောင်းကြောင့် မဖြေဆိုဖြစ်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ စာမေးပွဲကျရှုံးခဲ့သူများအနေဖြင့်လည်း ယခုနှစ်တွင် ဝင်ရောက်ဖြေဆိုခွင့်များ ရရှိမည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအားလုံး ဝင်ရောက်ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်များမှ ပါမောက္ခဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ ပူးပေါင်း၍ ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်း၊ ဆရာ ဆရာမများသည် နာသုံးနာကို အခြေခံ၍ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်သတ္တိနှင့် ကိုယ်ရည်ကိုယ်သွေး ပြည့်ဝစေရေးနှင့် လမ်းမှန်ရောက်အောင် သွန်သင်ဆုံးမ ပေးကြသူများဖြစ်သည်ကို တွေ့နေရပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ စံနမူနာပြများဖြစ်သဖြင့် ဝတ်စားဆင်ယင်မှု စနစ်တကျရှိရန်လည်း လိုအပ်ပါကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာသည့် ဆရာ ဆရာမများအား လေးစားအားထားပါကြောင်းနှင့် ပညာပြည့်ဝ နှလုံးလှ၍ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်သည့် စံနမူနာပြ ဆရာ ဆရာမများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ငွေများ ပေးအပ်ရာ ဘိုကလေးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ဘိုကလေး ပညာရေး ဒီဂရီကောလိပ်တွင် ပညာရေးဘွဲ့ B.Ed စာပေးစာယူ သင်တန်း အမှတ်စဉ်(၄/၂၃) ပထမနှစ် သင်တန်းသား သင်တန်းသူ ၃၅၇ ဦး၊ (၂/၂၂) ဒုတိယနှစ် သင်တန်းသား သင်တန်းသူ ၃၄၃ ဦး စုစုပေါင်း ၇၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများ ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်း

**ပဲခူး အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းများအား ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရေး တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးရိတ်သိမ်းနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် ရှမ်းရွာကြီးကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများ ထိခိုက်ပျက်စီးမှု လျော့နည်းစေရေး ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုကာ ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ် ကလိကျေးရွာအုပ်စု ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းလီမိတက်သို့ ရောက်ရှိရာ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူးက ငါးကန်များအလိုက် ငါးမျိုးစိုက်ထည့်မွေးမြူနေမှုနှင့် မိုးရွာသွန်းမှုများပြားခဲ့၍ ငါးကန်များရေကျော် ထိခိုက်နစ်နာခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငါးမွေးတောင်သူများ၏ ထိခိုက်နစ်နာမှုအား ပြန်လည်ကုစားပေးနိုင်ရေး ဈေးကွက်ရှိပြီး စားသုံးမှုများပြားသည့် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်နှစ်လက်မအရွယ် ငါးမျိုးများ ပြန်လည်စိုက်ထည့်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ရေနစ်မြုပ်ခဲ့သည့် ငါးကန်များအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် အိုးဘိုကျေးရွာအုပ်စုနှင့် သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စုတို့ရှိ ရေကြီးနစ်မြုပ်ခဲ့သည့် စပါးစိုက်ခင်းများအား ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုကာ မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတွင် အောက်တိုဘာလ ပထမအပတ်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပဲခူးမြို့နယ်တွင် ကာလတူနှိုင်းယှဉ်ချက်အရ မိုးရေချိန် ၃၈ လက်မ ပိုမို ရွာသွန်းခဲ့ပြီး အောက်တိုဘာ ၁၇ ရက်အထိ မိုးစပါး စိုက်ကေ ၈၇၀၁၂ ကေ ရေကြီးနစ်မြုပ်ခဲ့ကာ ပြန်ပေါ်ကေ ၇၇၈၅၄ ကေအနက် ၃၆၂၅၉ ကေ ထိခိုက်ခဲ့ပြီး ၄၇၁၆ ကေ ပျက်စီးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





## ရေဘေးသင့်ပြည်သူများ၊ ဘုန်းကြီးကျောင်း၊ သီလရှင်စာသင်တိုက်များနှင့် ဘိုးဘွားရိပ်သာအတွက် ဆန်၊ ဆီနှင့်ထောက်ပံ့ပစ္စည်းများလှူဒါန်း



**ပဲခူး အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဖွဲ့များသည် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် အထက်ဇိုင်းဂနိုင်ကြီး ကျေးရွာအုပ်စုအတွင်းရှိရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ဆန်၊ ဆီနှင့်အခြား အထောက်အပံ့ပစ္စည်းများ ကျေးရွာအရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာ ဦးဆောင်သည့် အဖွဲ့ဝင်များသည် အထက်ဇိုင်းဂနိုင်ကြီးကျေးရွာ အုပ်စုအတွင်းရှိ ကန်တော်ကျေးရွာ၊ တော်ဓမ္မဝိသုဒ္ဓိဘုန်းကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အိမ်ထောင်စု ၉၈ စုအတွက် ဆန်၊ ဆီနှင့် အခြားထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးပြီး ဓမ္မဝိသုဒ္ဓိကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ လှူဒါန်းသည်။

ထို့နောက် ကျိုက္ကစဉ်ကျေးရွာ ဘေလုံးဘုန်းတော်ကြီးကျောင်း၌ ဘေလုံးကျောင်း တိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီး ကျိုက္ကစဉ်ကျေးရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၆စုအတွက် ဆန်၊ ဆီနှင့် ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ချမ်းမြေ့ဂုဏ်ရည် သီလရှင်စာသင်တိုက်နှင့် စန္ဒရုံသီ သီလရှင်စာသင်တိုက်တို့တွင် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆန်၊ ဆီနှင့်အခြား ထောက်ပံ့ပစ္စည်းများ လှူဒါန်းကြပြီး သပြေကုန် ဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများအား အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

သက်ထက်

# မွန်ပြည်နယ်အတွင်း ဒေသနှင့်ကိုက်ညီသော ရော်ဘာမျိုးကောင်းမျိုးသန့်များ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရော်ဘာအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို

**မော်လမြိုင် အောက်တိုဘာ ၁၇**

**ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှုတို့နှင့် စပ်လျဉ်းသည့် နည်းပညာပေးရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ဇမ္ဗူကျော်ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း ဒေသရော်ဘာထွက်ကုန်ကြမ်းများကို အခြေခံ၍တန်ဖိုးမြှင့်ထုတ်ကုန်များ စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လန်ချန်း - မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ရော်ဘာအရည်အသွေးမြှင့်တင်ခြင်းနှင့် ရော်ဘာလုပ်ငန်းများအတွက် ဈေးကွက်သုတေသနပြုလုပ်ခြင်း စီမံကိန်းမှ ပြည်နယ်အတွက် သင်တန်းပို့ချပေးနိုင်သည့်အတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ရော်ဘာထုတ်လုပ်သူများ၏ အတွေ့အကြုံများကို သုတေသနပြုလုပ်ခဲ့ပြီး သုတေသနပြုချက်များအရ သင်တန်းပေးနိုင်ရန်၊ ရော်ဘာထုတ်ကုန်များ အရည်အသွေးကောင်းပြီး ဈေးကောင်းရရှိနိုင်စေရန် ရော်ဘာအရည်အသွေးထိန်းသိမ်းရမည့် နည်းလမ်းများကို သိရှိနိုင်ရန်စေရန်၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအတွက် နိုင်ငံတော်ကလည်း စိုက်ပျိုးရေးလုပ်ငန်းတွင် ခေတ်မီနည်းစနစ်များနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ချေးငွေလိုအပ်ချက်များကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ ဒေသနှင့် ကိုက်ညီသော ရော်ဘာမျိုးကောင်းမျိုးသန့်များ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ရော်ဘာအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက် အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က မွန်ပြည်နယ်အတွင်း မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှုတို့နှင့်စပ်လျဉ်းသည့် နည်းပညာပေးအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှုနှင့် ရေရှည်တည်တံ့သော သဘာဝရော်ဘာဖွံ့ဖြိုးတိုးတက်ရေး၊ ရော်ဘာအရည်အသွေးတိုးတက်မြင့်မားရေး၊ ဈေးကွက်နှင့် ဈေးနှုန်း ပိုမိုရရှိနိုင်ရေး၊ မြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်များ၊ ရော်ဘာအရည်အသွေးမြှင့်တင်ရေး၊ ဒေသတွင်းရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချမှုနှင့် အရည်အသွေး အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရော်ဘာအသင်းအဖွဲ့များမှ ကျွမ်းကျင်ပညာရှင်များက အတွေ့အကြုံများကို ဆွေးနွေးပို့ချခဲ့ကြကြောင်း သိရသည်။

**မျိုးမင်း(မော်လမြိုင်)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး ကရင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၇**



နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကမော့လဲ- တခွက်ဖိုး (ပန်တော်မှီ) ကျောက်လမ်း သုံးမိုင် ကတ္တရာထပ်ပိုး လွှာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြိုင်ကြီးငူမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူ- မဲသဝေါ ၃၁ မိုင် လမ်းပေါ်တွင် ဆောင်ရွက်လျက်ရှိသည့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်စီရေမြောင်း၊ မြေထိန်းနံရံ၊ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဘားအံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ကရင်ပြည်နယ် ဦးစီးမှူးရုံးများသို့ သွားရောက်၍ ရုံး၊ သင်တန်းကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဘားအံ) ခန်းမ၌ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာ သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ရင်ပြင်အတွင်း သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေးလုပ်ငန်းများအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ရာသီပန်းပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှု၊ သီတင်းကျွတ် မီးထွန်းပွဲတော်အတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ မြို့နယ် ၁၂ မြို့နယ်၏ ပန်းကွက်ဖော်ဆောင်ရွက်နေမှု၊ အလှဆင်မီးပန်းသစ်ပင်များ၊ မီးဆိုင်းများ၊ ဖျော်ဖြေရေးစင်မြင့်၊ စားသောက်ဆိုင်ခန်းနှင့် ဈေးဆိုင်ခန်းများထားရှိရန် ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ယာယီကွပ်ကဲရေးရုံးသို့ သွားရောက်၍ သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ဖျော်ဖြေရေး စင်မြင့်၊ စားသောက်ဆိုင်ခန်းနှင့် ဈေးဆိုင်ခန်းများထားရှိရန် ပြင်ဆင် ဆောင်ရွက်ထားမှုများနှင့်ပတ်သက်၍ အင်ဂျင်နီယာဌာန(အဆောက်အအုံ) ဌာနမှူး၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ သွားရောက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆေးရုံဝင်းအတွင်း ရေကြီးရေလျှံ ဖြစ်ပေါ်နေမှုနှင့် လျှပ်စစ် Transformer ခန်းရေများ ဖောက်ထုတ်ပြီး ကြမ်းခင်းကွန်ကရစ်ခင်းကျင်းထားမှု၊ လူနာဆောင်များ၊ စားဖိုဆောင်များမှ ရေများ ဖောက်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် စိတ်ကျန်းမာရေးဆေးရုံကြီးအရှေ့ ရေနုတ်မြောင်းမှ အမှတ် (၂) လမ်းမကြီးဖြတ်မြောင်း ထိုမှတစ်ဆင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် မြစ်ထွက်ပေါက်မှတစ်ဆင့် ပဲခူးမြစ်အတွင်းသို့ စီးဝင်သည့် မြောင်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပြီး အမှတ် (၂) လမ်းမကြီးဖြတ်မြောင်းအတွင်း ပိတ်ဆို့နေသည့် ဗေဒါ၊ ဒိုက်ပင်များ ဆယ်ယူရေး မှာကြားသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးတွင် အမှိုက်များ၊ ဒိုက်ဖတ်များ ဆယ်ယူရှင်းလင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁၆)
# (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

**ဝန်ကြီးဌာနမူဝါဒနှင့် ရည်မှန်းချက်**

နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်တွေ့ကြုံလာရသည့်အခါတိုင်း ရှေ့တန်းကျကျ မားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်ပေးသော ဝန်ကြီးဌာနကိုပြောပါဆိုလျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ညွှန်ပြရပေလိမ့်မည်။ အဆိုပါဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို အဓိကတာဝန်ခံရသောဌာနလည်း ဖြစ်ပေသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ပြည်သူလူထု လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် တည်ဆောက်ရန်။

(ခ) ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရန်နှင့် ဘေးဒဏ်ခံစားရသော ပြည်သူများ ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိရန်။

(ဂ) ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ပြည်သူ ပြည်သားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် သာတူညီမျှသည့် လူမှုစီးပွားဘဝ ရရှိခံစားစေရန်။

(ဃ) ပြည်သူလူထု၊ စေတနာ့ဝန်ထမ်းလူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရေး ဦးတည်ဆောင်ရွက်ရန်။

ဝန်ကြီးဌာန၏ မျှော်မှန်းချက်မှာ "လူသားအားလုံးအကျုံးဝင်သော သာတူညီမျှရှိပြီး ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆောင်ရွက်ရန်နှင့် ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံ ဖြစ်လာစေရန်" ဟူ၍ ဖြစ်ပါသည်။

ဝန်ကြီးဌာန၏ မူဝါဒများနှင့် မျှော်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါဦးစီးဌာနများအား ဖွဲ့စည်းထားရှိပါသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန

(ခ) ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန

(ဂ) ပြန်လည်ထူထောင်ရေးဦးစီးဌာန



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ စစ်တွေမြို့ သက္ကေပြင် IDP စခန်း၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**"မိုခါ" မဝင်ရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ**

နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်အပြင် မုန်တိုင်းတိုက်ခတ် သက်ရောက်နိုင်ခြေရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စသည်တို့အတွက် လိုအပ်သော လမ်းညွှန်ချက်များ ပေးခဲ့သည်။

ရခိုင်ပြည်နယ်သို့ "မိုခါ" မုန်တိုင်းမဝင်ရောက်မီ ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် အရေးပေါ်အစည်းအဝေးကျင်းပ၍ လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ပေးခဲ့သည်။ မေလ ၈ ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာန DMC ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ထို့အတူ နယ်မြေအလိုက် ကြိုတင်ပြင်ဆင်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများအတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မေလ ၆ ရက်နေ့ကျင်းပပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အရေးပေါ်အစည်းအဝေးဆုံးဖြတ်ချက်များသည် အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များပင် ဖြစ်သည်။

ယင်းလမ်းညွှန်ချက်များထဲမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးသို့ အရန်ဆန်ရိက္ခာများ သတ်မှတ်အရေအတွက်အတိုင်း ပေးပို့ထားရန်၊ ရေသန့်စင်သည့်စက်များ၊ ရေသန့်ဆေးများ၊ ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဘေးသင့်ဒေသများ၏ လိုအပ်ချက်ပေါ်မူတည်၍ လိုအပ်သလို ကြိုတင်ဖြန့်ခွဲပေးပို့ထားရန်၊ ရခိုင်ပြည်နယ်သို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နိုင်ရေးအတွက် ရန်ကုန်၊ မကွေး၊ ပြည် အစရှိသည့် ဒေသများရှိ သယ်ယူပို့ဆောင်ရေးဆောင်ရွက်နိုင်မည့် မော်တော်ယာဉ်စာရင်းများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနသို့ ပြုစုပေးပို့ရန်၊ ကော်မတီအလိုက် လိုအပ်သည့် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးဆိုင်ရာ လိုအပ်မည့် စက်ပစ္စည်းကိရိယာများ၊ အထောက်အကူပြုပစ္စည်းများကို ကြိုတင်စုစည်းပြင်ဆင်စုဆောင်းစီမံထားကြရန်၊ နယ်မြေဒေသအလိုက် နေအိမ်များ၊ အများပိုင် အဆောက်အအုံများ၏ ကြံ့ခိုင်ရေးကို ကြိုတင်စိစစ်ပြင်ဆင်ဆောင်ရွက်ကြရန်၊ အရေးပေါ် ကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှုမရှိစေရေး ကြိုတင်တွက်ချက်၍ အစီအမံများတွင် ထည့်သွင်းရေးဆွဲရန်၊ စားသောက်ကုန်ပစ္စည်းသိုလှောင်ရာနေရာများ ပျက်စီးမှုဖြစ်ပြီး ပစ္စည်းပြတ်လပ်မှုများ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သောပြောင်းရွှေ့မှုများ၊ စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရေး ကုန်သည်ကြီးများအသင်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများကို ညွှန်ကြားမှုပြုရန် ဟူသည့် လမ်းညွှန်ချက်များအပါအဝင် ကော်မတီအသီးသီးက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းများစွာ ရှိခဲ့ပါသည်။

**ဦးစီးဌာနများအကြောင်းတစေ့တစောင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများထဲက ဘေးစီမံဟု အတိုခေါက်ခေါ်နေကြသည့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ သမိုင်းကြောင်းကို လေ့လာကြည့်မိသောအခါ မနေ့တစ်နေ့ကမှ ဖွဲ့စည်းပေါ်ပေါက်လာသော ဌာနမဟုတ်ကြောင်း သိခွင့်ရခဲ့ပါသည်။ ၁၉၄၅ ခုနှစ်ကတည်းက တစ်နည်းပြောရလျှင် ဂျပန်ခေတ်ကတည်းက လူမှုရေးရာနှင့် ပြန်လည်ထူထောင်ရေး ညွှန်ကြားရေးဝန်ရုံးအဖြစ် ဖွင့်လှစ်ထားရှိနေပြီဖြစ်ကြောင်း တွေ့ရသည်။ ၁၉၄၈ ခုနှစ်တွင် ပညာရေး၊ လူမှုရေးနှင့်ပြန်လည်ထူထောင်ရေးဝန်ကြီးဌာနအဖြစ် လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ပညာရေး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ၁၉၅၇ ခုနှစ်တွင် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးဝန်ကြီးဌာနအဖြစ် လည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ထိုမှ လူမှုဝန်ထမ်းဝန်ကြီးဌာနအောက်တွင် ၁၉၇၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနအဖြစ် ပါဝင်လာခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဖြစ်လာခဲ့သည်။ ဆိုရသော်.... ဘေးစီမံဦးစီးဌာနသည် သမိုင်းကြောင်းရှည်လျားစွာ ရပ်တည်လာခဲ့သော ဦးစီးဌာနတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနကမူ ကျွန်တော်နှင့် မစိမ်းလှသလို ကျေးဇူးရှိခဲ့ဖူးသော ဌာနအဖြစ် မှတ်ယူပါသည်။ ကျွန်တော့်ရွာနားက လှော်ကထားအလကကျောင်းမှာ ၈ တန်းအောင်ခဲ့သည်။ ၉ တန်း ၁၀ တန်းကို သူများတွေလို မြို့ကြီးပြကြီးတွေမှာ သွားမတက်နိုင်၊ တက်နိုင်အောင်လည်း ဘယ်မြို့မှာမှ အမျိုးအဆွေမရှိခဲ့။ အနီးဆုံးက လေးမျက်နှာမြို့၊ ထိုမြို့မှာနေထိုင်ဖို့ကလည်း ပျံလွန်တော်မူသွားပြီဖြစ်သော ဘကြီးဘုန်းကြီးသီတင်းသုံးခဲ့ရာ ဒက္ခိဏာရုံ ဘုန်းတော်ကြီးကျောင်းပဲရှိသည်။ ထိုအချိန် ထိုကာလက လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွေ ဘာတွေ ခေတ်မစားသေး၊ ဘယ်သူမှမခေါ်ကြ၊ ဒက္ခိဏာရုံပရဟိတကျောင်းအဖြစ်သာ လူသိများခဲ့သည်။ ဤပရဟိတကျောင်းတွင် နှစ်နှစ်သွားရောက်နေထိုင်၍ လေးမျက်နှာမြို့ စတုမုခထူပါရုံစေတီတော်မြတ်ကြီး တည်ရှိရာ ဘုရားကြီးပိုင်းရှိ အထကကျောင်းမှာ တက်ရောက်ပညာသင်ခဲ့ရသည်။ ဆရာကြီးဦးပညာလောက၊ ဆရာတော် ဦးဇောတိပါလတို့၏ လာဘ်လာဘများ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ နှစ်စဉ်ထောက်ပံ့ပေးမှုများနှင့် ကျွန်တော်တို့ကျောင်းသားအားလုံး ရှင်သန်ရပ်တည်ခဲ့ကြသည်။ ကျေးဇူးကြီးခဲ့ပါသည်။ ဆရာတော်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန။ ပရဟိတကျောင်း၏ ကျေးဇူးက ထိုမျှမကသေးပါ။ တိုင်းရင်းသားသူငယ်ချင်းများနှင့်အတူ နေထိုင်ခွင့်ရခဲ့သဖြင့် ငယ်စဉ်ကပင် ရှမ်း၊ ပအိုဝ်း၊ ကယား၊ ကယန်းပဒေါင်၊ ကရင် အစရှိသော တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို သိမြင်လေ့လာခွင့်ရခဲ့သည်။ ထို့ပြင် တ၀ ၉ တန်း၊ ၁၀ တန်း ကျောင်းသားများက ခေါင်းဆောင်၍ လယ်တွေကိုင်းတွေ လုပ်ခဲ့ရသည်။ ကျွဲတွေ၊ နွားတွေနှင့် ထွန်ယက်သည့် ၁၉၇၅၊ ၇၆ ခုနှစ်တွေမှာ ထယ်နှင့်ထွန်ကိုမနိုင်သဖြင့် လယ်ထွန်ခြင်းအလုပ်ကို မလုပ်နိုင်ကြသည်မှလွဲ၍

စာမျက်နှာ ၇ သို့

"သဘာဝဘေးတစ်ခုကျရောက်လာပြီဆိုလျှင် လူ၊ တိရစ္ဆာန်ထိခိုက်ဆုံးရှုံးမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့ကို အနည်းနှင့်အများ ကြုံကြရသည်။ ထိုသို့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် (ထိခိုက်လွယ်အုပ်စုဟု သတ်မှတ်ထားသည့်) ကလေးသူငယ်၊ အမျိုးသမီး ဦးဆောင်သူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများအနေဖြင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းသို့သော စိတ်ပိုင်းဆိုင်ရာခံစားမှုများ လျော့နည်းပပျောက်စေရန် နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ လိုအပ်သည်တို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း စသည်တို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးကြီးသောနေရာမှ ပါဝင်"

*စာမျက်နှာ ၆ မှ*

ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ တမန်းနှိုးခြင်း၊ ကောက်ရိတ်၊ တလင်းနယ်၊ စပါးလှေ့ စသည့်အလုပ်တွေကို အားလုံးလုပ်ခဲ့ဖူးသည်။ ထွက်လာသည့် စပါးတွေကို ဆန်စက်သွားပို့၊ ကြိတ်ခွဲပြီး ရသည့် ဆန်တွေကို ပြန်ထမ်းပြီး ကျောင်းက ဂိုဒေါင်ထဲထည့်၊ ထိုဆန်ကိုပဲ ကျွန်တော်တို့ ဒယ်အိုးကြီးများနှင့် ချက်စားခဲ့ကြတာတွေ၊ စပါးသိမ်းပြီး လယ်တွေထဲမှာ ဗိုလ်ကိတ်ပဲ၊ မတ်ပဲတွေ ဆက်စိုက်ခဲ့ရတာတွေ အားလုံး အမှတ်ရပါသည်။ ပရဟိတစိတ်ဓာတ်၊ ခေါင်းဆောင်မှု၊ လုပ်ငန်းအတွေ့အကြုံများ ရရှိခဲ့သော နေရာဌာနတစ်ခု ဖြစ်ခဲ့သလို စစ်တက္ကသိုလ် ဗိုလ်လောင်းဖြစ်ခဲ့ခြင်းသည်လည်း ပရဟိတကျောင်း၏ကျေးဇူးမကင်းဟု အမြဲမှတ်ယူခဲ့ပါသည်။ "မိုခါ"မှသည် လူမှုဝန်ထမ်းဦးစီးဌာနအကြောင်း စကားစပ်မိရင်းက ကျွန်တော်၏ ငယ်ဘဝအကြောင်းတွေကို ပြောပြမိနေပါပကော။ သည်းခံခွင့်လွှတ်တော် မူကြပါကုန်။

**ဘဏ္ဍာငွေများရှာဖွေထိန်းသိမ်းဖြန့်ခွဲပေးလှူ**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏အောက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရသော ကော်မတီတစ်ခုမှာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ ဖြစ်ပါသည်။ ယင်းကော်မတီအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတကာအကူအညီ အထောက်အပံ့များကို စနစ်တကျလက်ခံရယူ ဖြန့်ဝေလှူဒါန်းထောက်ပံ့ပေးသကဲ့သို့ ပြည်တွင်းမှ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကိုလည်း လက်ခံရယူခဲ့ပါသည်။ ယင်းကော်မတီသို့ လှူဒါန်းသည့် နိုင်ငံတကာအလှူရှင်များထဲတွင် AHA Centre၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ အိန္ဒိယနိုင်ငံအစိုးရ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရ၊ အင်ဒိုနီးရှားနိုင်ငံအစိုးရ၊ သီရိလင်္ကာနိုင်ငံအစိုးရ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ယူနန်အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရေးအသင်း၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၊တရုတ်နိုင်ငံသံရုံး၊ ထိုင်းနိုင်ငံ တော်ဝင်မိသားစု၊ ထိုင်းကြက်ခြေနီအသင်း၊ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်း၊ ထိုင်းပုဂ္ဂလိကကုမ္ပဏီများ၊ ပါကစ္စတန်သံရုံး၊ Thai Red Cross Society (ထိုင်းနိုင်ငံ)၊ Board of Trade (ထိုင်းနိုင်ငံ)၊ PTT (ထိုင်းနိုင်ငံ)၊ Jelly Ohmmy Company (ထိုင်းနိုင်ငံ)၊ Sea Valued Company (ထိုင်းနိုင်ငံ)၊ ဦးဝမ်ကျားဟွာ DV Group (ကမ္ဘောဒီးယားနိုင်ငံ)၊ Global Pharma Healthcare PVT LTD (အိန္ဒိယနိုင်ငံ)၊ Siam Cement Group (ထိုင်းနိုင်ငံ)၊ Yunnan Commercial Representative Office in Myanmar တို့ ပါဝင်ကြောင်း တွေ့ရသည်။

**ASEAN – ERAT အဖွဲ့ဝင်များ ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာ**

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" မြန်မာနိုင်ငံသို့



လူမှုဝန်ထမ်းဦးစီးဌာန၏ PSS အဖွဲ့ဝင်များ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အိမ်တိုင်ရာရောက် နှစ်သိမ့်အားပေးမှုများ ပြုလုပ်ပေးစဉ်။

ဝင်ရောက်တိုက်ခတ်သွားပြီးနောက် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN – ERAT )မှ အဖွဲ့ဝင် ၁၀ ဦး၊ မြန်မာနိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ERAT အဖွဲ့ဝင် ၄ ဦး စုစုပေါင်း ၁၄ ဦးတို့သည် ၂၀၂၃ ခုနှစ် မေ ၂၁ ရက်မှ ၂၆ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်များသို့ သွားရောက်၍ ကနဦး လိုအပ်ချက် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့သည်။ ယင်းသို့ပြုလုပ်ရာတွင် မျက်မြင်လေ့လာခြင်း၊ အဖွဲ့လိုက်မေးမြန်းခြင်း၊ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခြင်း၊ Secondary Data များကို လေ့လာခြင်းများပြုလုပ်၍ အစားအစာနှင့် အာဟာရ၊ အမိုးအကာနှင့် အစားအစာမဟုတ်သော ပစ္စည်းများ၊ ရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အများပိုင်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်တို့ကို ဆန်းစစ်လေ့လာ တင်ပြခဲ့ပါသည်။ ကာလလတ်နှင့် ကာလရှည် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဟူ၍ ခွဲခြားဖော်ပြပေးခဲ့သည်။

**PSS အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်**

သဘာဝဘေးတစ်ခု ကျရောက်လာပြီဆိုလျှင် လူ၊ တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှု၊ အဆောက်အအုံများ ထိခိုက်ပျက်စီးမှုတို့ကို အနည်းနှင့်အများ ကြုံကြရသည်။ ထိုသို့သော ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည့် (ထိခိုက်လွယ်အုပ်စုဟု သတ်မှတ်ထားသည့်) ကလေးသူငယ်၊ အမျိုးသမီးဦးဆောင်သူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများ အနေဖြင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ ယင်းသို့သော စိတ်ပိုင်းဆိုင်ရာခံစားမှုများ လျော့နည်းပပျောက်စေရန် နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးကူညီခြင်း၊ လိုအပ်သည်တို့ ချိတ်ဆက်ဆောင်ရွက်ပေးခြင်း စသည်တို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ အခန်းကဏ္ဍသည် အရေးကြီးသောနေရာမှ ပါဝင်ခဲ့သည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် "စိတ်လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးမှုအဖွဲ့ (Psycho Social Care and Support Team) PSS အဖွဲ့များ ဖွဲ့စည်းကူညီဆောင်ရွက်ပေးခဲ့သည်။ ယင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နှစ်သိမ့်ဆွေးနွေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီပေးခြင်းဖြင့် စိတ်ဖိစီးမှုများ၊ စိတ်ဒဏ်ရာများ၊ တဖြည်းဖြည်းလျော့နည်း ပပျောက်သွားစေရန်၊

( ခ ) သဘာဝဘေးဒဏ်သင့် ရပ်ကွက်၊ ကျေးရွာများသို့ မြေပြင်ကွင်းဆင်းသွားရောက် ဆောင်ရွက်ခြင်းဖြင့် ပကတိအခြေအနေမှန်နှင့် မှန်ကန်သည့် သတင်းအချက်အလက်များ၊ လိုအပ်သည့် ချိတ်ဆက်မှုများ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်။

ရခိုင်ပြည်နယ် "မိုခါ" မုန်တိုင်းဒဏ်သင့်ဒေသများအတွက် PSS အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းစေလွှတ် ဆောင်ရွက်ခဲ့ပါသည်-

(က) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် အဖွဲ့ဝင်များသည် ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ စစ်တွေမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌လည်းကောင်း၊

(ခ) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရသေ့တောင်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း၊

(ဂ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှိုင်သဇင်ကျော်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျောက်တော်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း၊

(ဃ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဦးနှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ မြောက်ဦးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌လည်းကောင်း၊

(င) ဦးစီးအရာရှိဒေါ်နီနီမြင့်နှင့်အဖွဲ့ဝင်များသည် ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ မင်းပြားမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌လည်းကောင်း၊

(စ) ဦးစီးအရာရှိ ဒေါ်အေးစန္ဒာလှိုင်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၅ ရက်နေ့အထိ မြေပုံမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြပါသည်။

**ဂုဏ်ပြုဖော်ပြအပ်ပါသည်**

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်အနက် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ ကျောက်တော်၊ မြောက်ဦး၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ ထိခိုက်ပျက်စီးမှု များပြားခဲ့သည်။ နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့၏လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မှု၊ မြို့နယ်အလိုက် တာဝန်ပေးထားသော တပ်မတော်အရာရှိကြီးများ၏ အနီးကပ်ကြပ်မတ် ဆောင်ရွက်မှု၊ လူမှုရေးအသင်းအဖွဲ့များ၏ စိတ်ရင်းစေတနာထက်သန်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ် အစရှိသော ဝန်ထမ်းများ၏ မွန်မြတ်သော ပေးဆပ်မှုတို့ဖြင့် အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သလို အချိန်ကာလတိုအတွင်းမှာပင် မြို့နယ်အသီးသီး၌ မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်အောင် ကူညီကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် ဝန်ထမ်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်လဲ့လဲ့အေးနှင့် ဝန်ထမ်းများ၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ထမ်းများသည်လည်း မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်များနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ခဲ့ကြပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့မှုများအတွက် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသား သွေးချင်းများကလည်း အမြဲထာဝရ ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိနေမည် ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။ ။

## မင်းလှမြို့နယ်၌ ထူးချွန်သင်တန်းသား သင်တန်းသူများအား အထောက်အကူပြုပစ္စည်းများ ပေးအပ်

**အထက်မင်းလှ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကျင်းပခဲ့ရာ ကိုင်းငယ်လေးကျေးရွာတွင် ဖွင့်လှစ်သည့် လက်ရက်ကန်းပညာသင်တန်းနှင့်မလွန်ကျေးရွာတွင် ဖွင့်လှစ်သည့် Bakery and Snack ထုတ်လုပ်မှု နည်းပညာသင်တန်းများတွင် ထူးချွန်သည့် သင်တန်းသား သင်တန်းသူများ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အထောက်အကူပြုပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**



## လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

**နေပြည်တော် အောက်တိုဘာ ၁၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာလ ဒုတိယပတ်က မြန်မာ့မီးရထားနေပြည်တော်ဘူတာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ပြည်ထောင်စုနယ်မြေတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား (မြို့ပြအင်ဂျင်နီယာဌာန)မှ အာမခံအလုပ်သမား ဦးဘိုဘိုထွန်း မတော်တဆ ထိခိုက်ဒဏ်ရာရ၍ သေဆုံးခဲ့မှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၇၂၀၀၀၀၀ ကို မိသားစုဝင်များအား ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်အဆင့် မိတ်ဖက်ပေါင်းစပ်အဖွဲ့ဝင်များ ရှေ့မှောက်တွင် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# ပြည်နယ်အကျိုး၊ နိုင်ငံအကျိုးကိုရှက်သယ်ပိုးနိုင်သော ထူးချွန်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ကြိုးစားကြစေလို

**ဘားအံ အောက်တိုဘာ ၁၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၆ ရက်က ဘားအံမြို့နယ် ဒုံရင်းအခြေခံပညာအထက်တန်းကျောင်း၌ တွဲဖက်ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒုံရင်းအခြေခံပညာအထက်တန်းကျောင်းတွင် တွဲဖက်ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၏ စာသင်ခန်း၊ စာသင်ဆောင်၊ စားဖိုဆောင်၊ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ သင်ထောက်ကူပစ္စည်း၊ ပရိဘောဂများနှင့် ရေ၊ မီး၊ မိလ္လာ ပြည့်စုံလုံလောက်မှုရှိ/မရှိ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံရာ ပညာသင်ကြားရေး၊ နေထိုင်စားသောက်ရေးမှအစ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး အဆင်ပြေခြင်းရှိ/မရှိလာရောက်ကြည့်ရှုအားပေးခြင်း ဖြစ်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းသန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးဂရုပြုအလေးထားကြစေလိုပြီး စိုက်ပျိုးမွေးမြူရေးပညာရှင်များအဖြစ် ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် ကြိုးစားလေ့လာသင်ယူကြစေလိုကြောင်း၊ မည်သည့်နေရာတွင်မဆို ကြိုးစားသူများအတွက်သာ နေရာရှိပြီး ပြည်နယ်အကျိုး၊ နိုင်ငံတော်အကျိုးကို ရှက်သယ်ပိုးနိုင်သော ထူးချွန်သည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။ **(ဝဲပုံ)**

ဒုံရင်း စိုက်ပျိုးမွေးမြူရေးတွဲဖက်အထက်တန်းကျောင်းတွင် စိုက်ပျိုးရေးဘာသာရပ်၌ ကျောင်းသားကျောင်းသူ ၃၀၊ မွေးမြူရေးဘာသာရပ်၌ ကျောင်းသားကျောင်းသူ ၂၈ ဦး စုစုပေါင်း ၅၈ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများက ကြုံတွေ့ရသည့်အခြေအနေများ၊ လိုအပ်သည်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဒုံရင်း စိုက်ပျိုးမွေးမြူရေး တွဲဖက်အထက်တန်းကျောင်းတွင် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော (၁၁၄ ပေ x ၃၂ ပေ) RC နှစ်ထပ်စာသင်ဆောင် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကန်(၁၀၀) ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်း၏ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်သို့ သွားရောက်၍ ကန်(၁၀၀) ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်း ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ကန်(၁၀၀) ငါးမွေးမြူရေးနှင့် စိုက်ပျိုးရေးကုန်ထုတ်သမဝါယမအသင်း အမှုဆောင်များက အသင်း၏ ရည်မှန်းချက်များ၊ ရေတင်ဧရိယာ ၃၄၈ ဧက၌ နှစ်စဉ် ငါးသားပေါက်များ ထုတ်လုပ်နိုင်မှု၊ အုပ်ချုပ်ရေးကန်နှင့် ထုတ်လုပ်ရေးကန်များတွင် ငါးမွေးမြူထုတ်လုပ်နိုင်မှု၊ အသင်းသားများအတွက် ကျန်းမာရေး စောင့်ရှောက်နိုင်မှုနှင့် ထောက်ပံ့ပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လက်ရှိ သမဝါယမအသင်းပိုင် ၃၄၈ ဧကရှိသည့် ငါးကန်မြေဧရိယာသည် အခြားသော ပုဂ္ဂလိကငါးကန်များလည်း အသင်းပိုင်မြေဧရိယာ၏ ပတ်ဝန်းကျင်တွင် တည်ရှိနေပြီး မွေးမြူရေးဇုန်တစ်ခုသဖွယ် ဖြစ်နေသောကြောင့် လျှပ်စစ်မီး အမြန်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးသွားရန် မှာကြားလိုပါကြောင်း၊ အဓိကငါးမွေးမြူရေးလုပ်ငန်းအပြင် နွေစပါးစိုက်ဧက ၃၂ ဧက စိုက်ပျိုးနိုင်မည့်အတွက် အထွက်တိုးစပါးမျိုးများဖြစ်သည့် GW-11၊ GW-18၊ ဆာဖိုးသာ၊ နံ့ကောက်ထွန်း အစရှိသည့် အထွက်တိုးစပါးမျိုးများ ရရှိနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် လမ်းညွှန်ကူညီမှုပေးသော ငါးအစာအတွက် အစ္စရေး မြက်နှံတစ်မျိုးဖြစ်သည့် တိကုရန် မြက်မျိုးအား အောင်မြင်အောင်စမ်းသပ်စိုက်ပျိုးရန် မှာကြားလိုကြောင်း၊ အသင်းသားများ၏ သားသမီးများ ပညာရေးအတွက် တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်အလိုက် ထောက်ပံ့ပေးနေမှုများကို ပိုမိုထောက်ပံ့ပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် သမဝါယမ စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များ၊ ကောလိပ်များတွင်လည်း မိမိတို့သားသမီးများ ချိတ်ဆက်၍ ပညာဆည်းပူးနိုင်ရေး စီမံဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ငါးမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် အဆင့်မြင့်အရာရှိများသည် အောက်တိုဘာ ၁၅ ရက်က တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်းရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဘားမားခရိုင်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ကျန်းမာရေးအခြေပြု ခရီးသွားလုပ်ငန်းဆိုင်ရာ နိုင်ငံတကာဖိုရမ်သို့ တက်ရောက်ကြသည်။

အဆိုပါ ဖိုရမ်ကို "Health Preserving Culture of Traditional Medicine and Industrial Development of Health Tourism" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

### လေးစားယုံကြည်

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးပညာသည် ကြွယ်ဝသော သမိုင်းဝင်ယဉ်ကျေးမှု အမွေအနှစ်များရှိပြီး တိုင်းရင်းဆေးသမားတော်များအား မြန်မာနိုင်ငံ၏ လူမှုအသိုင်းအဝိုင်းအတွင်း လေးစားယုံကြည်ကြပါကြောင်း၊ တိုင်းရင်းဆေးပညာနှင့် ခရီးသွားလုပ်ငန်း ပေါင်းစပ်ခြင်းဖြင့် ကျန်းမာရေး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေနိုင်ပါကြောင်း၊ ပြည်ပရှိ လူနာများအတွက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်စေရုံမျှမက ဒေသတွင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကိုလည်း ကူညီပံ့ပိုးပေး နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံများနှင့် တရုတ်အိမ်နီးချင်းနိုင်ငံများကြား တိုင်းရင်းဆေးပညာနှင့် ကျန်းမာရေးဆိုင်ရာ ခရီးသွားခြင်း အတွေးအခေါ်၊ ကျွမ်းကျင်မှုများ ဖလှယ်ခြင်းသည် ပြည်သူများနှင့် ခရီးသွားများ၏ မတူကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်း ပေးပြီး ရှေးခေတ်ပညာနှင့် ခေတ်မီ ကျန်းမာရေးစောင့်ရှောက်မှုများကို ပေါင်းစပ်ဖန်တီးပေးမည့် အလားအလာများရှိပါကြောင်း ပြောကြားကာ မြန်မာနိုင်ငံ ခရီးသွား



မြှင့်တင်ရေး ဗီဒီယိုဖိုင်အား ပြသသည်။

### သွားရောက်လေ့လာ

မြန်မာကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၁၄ ရက်က အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ နန်နင်းမြို့ ကွမ်းရှီးရက္ခဗေဒ ပရဆေးဥယျာဉ်နှင့် ပရဆေးပြတိုက်တို့သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းပန်မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးသရုပ်ပြ

**မိုင်းပန် အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သရုပ်ပြခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနက အခြေခံပညာအလယ်တန်းကျောင်း (မွေတော်)၌ ယနေ့နံနက် ၁၀ နာရီခွဲက ကွင်းဆင်းသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမင်းသုမောင်က သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လုပ်ဆောင်ရမည့် အချက်များ၊ ဆောင်ရန်/ရှောင်ရန် အချက်များ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရမည့် အခြေအနေများကို ကျောင်းသားကျောင်းသူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်း၊ ဟိုက်ဒရောလစ်စက်ဖြင့် သံဖြတ်နည်း၊ အသက်ကယ်ဝတ်စုံ ဝတ်ဆင်နည်းနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းတပ်ဆင်နည်း အစရှိသည်တို့ကို သရုပ်ပြကွင်းဆင်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

နေဘ်မှိုင်း(ပြန်/ဆက်)




## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့တော် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၊ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**စစ်တွေ အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့တော် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် စစ်တွေမြို့ မြို့လယ်ချောင်းတံတားအနီး သန့်ရှင်းသာယာရေး၊ မိဖုံကမ်းနားလမ်းနှင့် မိဖုံပန်းခြံ သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိဖုံကမ်းနားလမ်းတွင် ဈေးရောင်းချနေကြသည့် ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံပြီး ဦးဥတ္တမပန်းခြံအနီး အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချနိုင်ရေး လျာထားမြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနာယက၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း ရခိုင်ပြည်နယ်တွင် One Region One Product ထုတ်ကုန်အဖြစ် ဆန်စပါးလုပ်ငန်း အဆင့်မြှင့်တင်ရေး၊ ရေထွက်ကုန်လုပ်ငန်းတိုးမြှင့်ရေးနှင့် ရိုးရာရက်ကန်းလုပ်ငန်းများ အဆင့်မြှင့်တင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး လမ်းညွှန်မှာကြားထားပါကြောင်း၊ မိမိတို့ဒေသသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံဆောင်ရွက်ရမည့် ဒေသဖြစ်ကြောင်း၊ ထို့အတူ ရိုးရာရက်ကန်းလုပ်ငန်းများသည် မိမိတို့၏ ဘိုးစဉ်ဘောင်ဆက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများဖြစ်သည့်အတွက် ယခုလုပ်ငန်းများကို အခြေခံပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတူ ဒေသတွင်း ရေချိုရေငန်ငါးများကို စနစ်တကျမွေးမြူထုတ်လုပ်နိုင်ရန်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ ရိုးရာရက်ကန်း လုပ်ငန်းများအတွက် သဘာဝဆိုးဆေး နည်းပညာသင်တန်းများ၊ အထည်ဒီဇိုင်းရေးဆွဲခြင်း သင်တန်းများနှင့် လက်ရက်ကန်း သင်တန်းများ၊ စက်ရက်ကန်း သင်တန်းများကို အားပေးမြှင့်တင်ပြီး သင်တန်းများ တိုးမြှင့် ဖွင့်လှစ်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ရင်းနှီးမတည်ငွေ ရရှိရေးအတွက် စည်းကမ်းချက်နှင့် ကိုက်ညီသော လုပ်ငန်းရှင်များကို ချေးငွေထုတ်ပေးနိုင်ရန်အတွက် မိမိတို့ပြည်နယ် အစိုးရအဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ရခိုင်ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် MSME အေဂျင်စီတွင် ပါဝင်သော ဌာနဆိုင်ရာများ အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။



ထို့နောက် ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အတွင်းရေးမှူး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ညွန့်က ရခိုင်ပြည်နယ်အတွင်း MSME လုပ်ငန်းရှင်များ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ ဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ဖြည့်စွက်ရှင်းလင်းတင်ပြကာ အေဂျင်စီအဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်တွင် ခြောက်တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် တောင်သူပညာပေး စိုက်ပျိုးပြသခြင်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ခြောက်တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် တောင်သူပညာပေးစိုက်ပျိုးပြသခြင်းနှင့် ကွင်းသရုပ်ပြပွဲကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ရွှာမကျေးရွာအုပ်စုရှိ နယူးရောမျိုးစပါးစေ့ ထုတ်စက်ရုံအတွင်း ကွင်းအမှတ်-၁၆၇၂ ၌ ကျင်းပရာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဗီယက်နမ်စပါးမျိုးကို ခြောက်တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက စက်အသုံးပြုပုံနှင့် အဆိုပါ စက်ကို အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လာမည့် နွေစပါးစိုက်ပျိုးရာသီတွင် မြန်မာနယူးရောစိုက်ပျိုးရေး ကုမ္ပဏီလီမိတက်က ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဧက ၈၀ ကို ခြောက်တန်းသွား လက်စွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် လယ်ဝေးမြို့ တံတားဦးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ပေးရေး ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းအတွက် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးသည့် စက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဒေါ်ငြိမ်းအေးက သင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေး အဖွဲ့ဝင်များထံ စီမံကိန်းဝတ်စုံများပေးအပ်ကာ ခင်းကျင်းပြသထားသည့် အဝတ်အထည်များနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုအားပေးသည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို သင်တန်းသား ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၆ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ဘာသာရပ်ကိုးမျိုးကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် တံတားဦးကျေးရွာရှိ တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးခြံများ၊ ကျေးရွာအတွင်း အရေးပေါ် ကျေးလက်ဆေးပေးခန်း တည်ဆောက်နေမှု၊ ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြင်ဆင်မွမ်းမံနေမှုနှင့် သိမ်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# မလေးရှားနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာများနှင့် စီးပွားရေးပုံစံသစ်ကို လေ့လာခြင်း

ခန့်ဇော်(ကျေးလက်)

**မလေးရှားနိုင်ငံသည် ၁၂၇၇၂၀ စတုရန်းမိုင်ကျယ်ဝန်းပြီး မလေး၊ တရုတ်၊ အိန္ဒိယလူမျိုးများ နေထိုင်ကြကာ ၂၀၂၃ ခုနှစ် လူဦးရေစစ်တမ်းအရ လူဦးရေ ၃၄ သန်းကျော်ရှိ၍ ကမ္ဘာပေါ်တွင် ၄၄ ခုမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ စည်းမျဉ်းခံ ရွေးကောက်ခံဘုရင်စနစ်ကျင့်သုံးသော ဖက်ဒရယ်နိုင်ငံတစ်ခု ဖြစ်ပြီး အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ဖက်ဒရယ်နိုင်ငံ ဖြစ်ပါသည်။ မလေးရှားနိုင်ငံ၏ နိုင်ငံခြားရေးပေါ်လစီမှာ ကြားနေဝါဒအပေါ်တွင် အခြေခံထားပြီး မည်သည့်နိုင်ငံရေးစနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်စေ မလေးရှားကမူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဖြင့်သာ ဆက်ဆံသည်ကို တွေ့ရပါသည်။**

### မလေးရှားနိုင်ငံ၏စီးပွားရေး

မလေးရှားနိုင်ငံသည် အတော်အသင့် တံခါးပွင့်ပြီးနိုင်ငံ ဖြစ်သည့်အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုဦးတည်ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ကုန်ထုတ်လုပ်ရေးတို့မှာ အဓိကစီးပွားရေးကဏ္ဍများဖြစ်ကြပြီး သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကိုတင်ပို့ရောင်းချလျက်ရှိရာ အဓိကပို့ကုန်မှာ ခာတ်ဆီဖြစ်သည်။ တစ်ချိန်က မလေးရှားသည် ကမ္ဘာတွင် ခဲမဖြူရော်ဘာနှင့်စားအုန်းဆီ အများဆုံးတင်ပို့သောနိုင်ငံဖြစ်ခဲ့ပြီး ကမ္ဘာပေါ်တွင် စားအုန်းဆီ အများဆုံးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ဆဲပင် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် တစ်ပိုင်းလျှပ်ကူးပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ၊ အိုင်တီနှင့် ဆက်သွယ်ရေးပစ္စည်းများ အများဆုံးတင်ပို့ရောင်းချနေသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။

ထို့ပြင် စီးပွားရေးတွင် တင်ပို့ကုန်အပေါ်တွင် မှီခိုနေရမှုအား လျှော့ချနိုင်ရန်နှင့် အခြားစီးပွားရေးကဏ္ဍသစ်များ ချဲ့ထွင်နိုင်ရန်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရေးကို တွန်းအားပေးဆောင်ရွက်ခဲ့သောကြောင့် ယင်းသည် နိုင်ငံ၏ တတိယမြောက် နိုင်ငံခြားငွေအများဆုံးရရှိသောလုပ်ငန်း ဖြစ်လာခဲ့သည်။

### မလေးရှားနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) နှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)

ကမ္ဘာ့ဘဏ်၏ စာရင်းအရ ၂၀၂၂ ခုနှစ်တွင် GDP အမေရိကန်ဒေါ်လာ ၄၀၆ ဒသမ ၃၁ ဘီလီယံရှိပြီး တစ်ဦးချင်း GDP မှာ အမေရိကန်ဒေါ်လာ ၁၁၃၇၁ ဒသမ ၉၇ ခန့် ရှိပါသည်။ မလေးရှားနိုင်ငံ စီးပွားရေးရာဝန်ကြီးဌာန စာရင်းအင်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မလေးရှားနိုင်ငံ၏ FDI သည် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်တွင် မလေးရင်းဂစ် ၈၇၅ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၁၂ ဘီလီယံ)ခန့်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ပထမသုံးလပတ်ကာလအတွင်း မလေးရင်းဂစ် ၁၂၀၄၃ ဒသမ ၉၄ မီလီယံခန့် (အမေရိကန်ဒေါ်လာ ၂၆၄၄ ဒသမ ၁၁ မီလီယံ) ရှိကြောင်း သိရှိရပါသည်။

### မလေးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ သတ်မှတ်ချက်များ

(၁၀)ကြိမ်မြောက် မလေးရှားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(၂၀၁၁-၂၀၁၅) (10th Malaysia Plan) တွင် အိမ်ထောင်စုများအား အလွန်ဆင်းရဲသည့်အဆင့်နှင့်ဆင်းရဲသည့်အဆင့်ဟူ၍ သတ်မှတ်ထားရှိပြီး ကျေးလက်/ မြို့ပြမည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ တစ်လဝင်ငွေ အမေရိကန်ဒေါ်လာ ၇၄၀ အောက်ရရှိသော အိမ်ထောင်စုများကို ဝင်ငွေနိမ့်ပါးသည့်အိမ်ထောင်စုများဟု သတ်မှတ်ထားပါသည်။

### ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှု

၁၉၇၀ ပြည့်နှစ်တွင် စီးပွားရေးရာမူဝါဒသစ် (New Economic Policy–NEP) ကို ချမှတ်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခဲ့သည့်အတွက် ဝင်ငွေတိုးမြင့်လာမှုကြောင့် အလုံးစုံဆင်းရဲနွမ်းပါးမှုနှုန်းကို ၁၉၇၀ ပြည့်နှစ်က ၄၉ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ၁၇ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပါသည်။ စီးပွားရေးရာမူဝါဒသစ်အရ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး ထိုသို့ ထုတ်လုပ်နိုင်မှုကြောင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည့်အပြင် Bumiputera (မလေးလူမျိုးများ)ကို ပရိုဖက်ရှင်နယ်နှင့် လူလတ်တန်းစားအုပ်စုဟူ၍ ဖန်တီးနိုင်စေခဲ့ပါသည်။ Bumiputera စီမံခန့်ခွဲမှုနှင့် ကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များနှင့် စာရင်းကိုင်များကဲ့သို့ ကျွမ်းကျင်ပညာရှင်အရေအတွက်သည် သိသိသာသာ တိုးတက်လာခဲ့ကြောင်း တွေ့ရသည်။ ၁၉၉၁ ခုနှစ်တွင် NEP ကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (National Development Policy– NDP) (၁၉၉၁-၂၀၀၀) တွင် ထည့်သွင်းခဲ့ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ရာ ၂၀၀၂ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုသည် ၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပါသည်။




မလေးရှားနိုင်ငံ၏စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်က ၂၀၂၂ ခုနှစ်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်။

> **“မလေးရှားနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်တွင် စီးပွားရေးရာမူဝါဒသစ် (New Economic Policy-NEP)ကို ချမှတ်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခဲ့သည့်အတွက် ဝင်ငွေတိုးမြင့်လာမှုကြောင့် အလုံးစုံ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၁၉၇၀ ပြည့်နှစ်က ၄၉ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၀ ပြည့်နှစ်တွင် ၁၇ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပါသည်။ စီးပွားရေးရာမူဝါဒသစ် (New Economic Policy-NEP)အရ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခဲ့ပြီး ထိုသို့ထုတ်လုပ်နိုင်မှုကြောင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့သည့်အပြင် Bumiputera (မလေးလူမျိုးများ)ကို ပရိုဖက်ရှင်နယ်နှင့် လူလတ်တန်းစားအုပ်စုဟူ၍ ဖန်တီးနိုင်စေခဲ့ပါသည်”**

၂၀၁၅ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်ရှိ လူဦးရေအချိုးအစားကို ၅၀ ရာခိုင်နှုန်းလျှော့ချနိုင်ရေး ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals–MDG) ရည်မှန်းချက်ဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အဓိကထား၍ လုပ်ဆောင်ခဲ့ရာ ၂၀၀၉ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့တာ တွေ့ရသည်။ အိမ်ထောင်စုများ၏ ၄၀ ရာခိုင်နှုန်း (အိမ်ထောင်စု ၂ ဒသမ ၄ သန်း)သည် တစ်လလျှင် စုစုပေါင်းဝင်ငွေ ရင်းဂစ် (RM )၂၃၀၀ အောက် ရရှိကြောင်း တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံသည် ၁၉၇၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၉၀၀ မှ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၇၀၀ အထိ တစ်ဦးချင်းဝင်ငွေသည် တစ်သမတ်တည်း တိုးတက်လာခဲ့ပြီး အရှေ့တောင် အာရှနိုင်ငံများတွင် စင်ကာပူနိုင်ငံပြီးလျှင် ဒုတိယအများဆုံးဖြစ်၍ ဒေသတွင်းရှိ အခြားနိုင်ငံများထက် သိသိသာသာ မြင့်မားလာခဲ့ကြောင်း တွေ့ရှိရသည်။

အချိန်တိုတိုအတွင်း တိုးတက်မှုရှိခဲ့သော်လည်း ဆင်းရဲနွမ်းပါးမှုနှုန်းသည် မြို့ပြနှင့်ကျေးလက် ကွဲပြားမှုရှိပြီး ကျေးလက်ဒေသများတွင် နယ်မြေဒေသအလိုက် အနည်းဆုံး ၅ ဒသမ ၃ ရာခိုင်နှုန်းနှင့် အများဆုံး ၁၉ ဒသမ ၇ ရာခိုင်နှုန်းခန့် ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတွင် အောင်မြင်မှုအများစုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် အဓိက အခြေခံခြင်းဖြစ်ပြီး သင့်လျော်မှန်ကန်သည့်မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မှုသည် ဆင်းရဲမှုလျှော့ချရေးတွင် လွန်စွာအရေးပါလှပါသည်။

မလေးရှားနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ၏ ၉၃ ဒသမ ၈၂ ရာခိုင်နှုန်းသည် ဘေးကင်းလုံခြုံစိတ်ချရသော သောက်သုံးရေရရှိပြီး လူဦးရေ၏ ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေကြောင်း တွေ့ရသည်။

### ဝင်ငွေမြင့်တင်နိုင်ရေး လက်ရှိ Macro ကြိုးပမ်းမှုများ

ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝမြှင့်တင်ခြင်းလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးသူများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ထောက်ပံ့ပေးခြင်းများနှင့် မိသားစုဝင်ငွေတိုးပွားရေးအတွက် အခွင့်အလမ်းများဖန်တီးပေးခြင်း စသည့်စီမံကိန်းများမှတစ်ဆင့် ဝင်ငွေမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး အသေးစားချေးငွေအစီအစဉ်များ ဖန်တီးပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းပေးခြင်းနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။

### စီးပွားရေးပုံစံသစ် (New Economic Model–NEM)

ဝင်ငွေတိုးပွားစေရေးအတွက် Macro မူဘောင်ကိုချမှတ်၍ ဝင်ငွေကွာဟမှုကို ကျဉ်းမြောင်းစေရန် စီးပွားရေးပုံစံသစ်(NEM)ကို ၂၀၁၀ ပြည့်နှစ်တွင် ဖော်ဆောင်ခဲ့ပြီး အောက်ခြေ ၄၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများ၏ ဝင်ငွေအဆင့် တိုးတက်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံအနေဖြင့် ဝင်ငွေအလယ်အလတ်ရရှိသောစနစ်မှ ကိုယ်တိုင်ရုန်းထွက်နိုင်ခဲ့ပါက ယင်းမှတစ်ဆင့် ဝင်ငွေတိုးပွားရရှိရေးဆောင်ရွက်လာနိုင်မည်ဖြစ်၍ NEM သည် ၂၀၁၀ ပြည့်နှစ်တွင် တစ်ဦးချင်းဝင်ငွေ USD ၇၀၀၀ မှ ၂၀၂၀ ပြည့်နှစ်တွင် USD ၁၅၀၀၀-၁၇၀၀၀ သို့ (နှစ်ဆ) တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရသည်။ တီထွင်ဆန်းသစ်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ ကုန်ထုတ်စွမ်းအားမြင့်မားမှု၊ နည်းပညာအသစ်နှင့် ဘက်ပေါင်းစုံကျွမ်းကျင်သည့် စွမ်းရည်ပြည့်ဝသော လုပ်သားအင်အားရှိမှုတို့မှတစ်ဆင့် စဉ်ဆက်မပြတ် ဝင်ငွေမြင့်မားစေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စည်းလုံးညီညွတ်စွာဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြလျှင် ချမ်းသာကြွယ်ဝမှုသည် လိုက်ပါလာမည်ဖြစ်သည့်အတွက် အားလုံးပါဝင်ရေးမူဝါဒသည်လည်း မလေးရှားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုတွင် မဏ္ဍိုင်တစ်ခုအဖြစ် ပါဝင်ပါသည်။ အားလုံးပါဝင်ရေးမူဝါဒသည် တစ်ဦးချင်းအခွင့်အရေးများကို ကာကွယ်ပေးပြီး ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ပေးသောကြောင့် စီးပွားရေးတိုးတက်လာရခြင်းသည် သဘာဝကျသော အကျိုးဆက်တစ်ခုပင်ဖြစ်ပါသည်။ အားလုံးပါဝင်ရေးမူဝါဒကို မှန်ကန်ကြောင်းပြသသည့်အနေဖြင့် NEM သည် ဆင်းရဲနွမ်းပါးမှုပပျောက်စေရေးတွင် တိုင်းရင်းသားမျိုးနွယ်စုများနှင့် ဒေသများအကြားရှိ မတူကွဲပြားမှုများ၊ ကွာဟချက်များကိုပါ ပိုမိုဟန်ချက်ညီအောင် ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။

NEM သည် မက်ခရိုချဉ်းကပ်မှုကို ပံ့ပိုးပေးပြီး ဤချဉ်းကပ်မှု၏ အဓိကအချက်ဖြစ်သော မဟာဗျူဟာမြောက် ပြုပြင်ပြောင်းလဲရေးအစပျိုးမှု (Strategic Reform Initiatives–SRI) ရှစ်ချက်သည် နိုင်ငံ၏စီးပွားရေးကို ကုန်ထုတ်လုပ်မှုမှသည် တန်ဖိုးမြင့်ဝန်ဆောင်မှုများဆီသို့ ပြန်လည်ဦးတည်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ယင်း SRI ရှစ်ချက်မှာ

(၁) ပုဂ္ဂလိကကဏ္ဍကို ပြန်လည်သက်ဝင်အားကောင်းလာစေခြင်း၊

(၂) အရည်အသွေးပြည့်ဝသည့် လုပ်သားအင်အားစုများ ဖွံ့ဖြိုးလာစေခြင်းနှင့် နိုင်ငံခြားသား အလုပ်သမားများအပေါ် မှီခိုအားထားရမှုကို လျှော့ချခြင်း၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

(၃) ပြည်တွင်းစီးပွားရေးကို ယှဉ်ပြိုင်နိုင်စွမ်းအားရှိစေခြင်း၊
(၄) ပြည်သူပိုင်စီးပွားရေးကဏ္ဍကို ပိုမိုအားကောင်းလာစေခြင်း၊
(၅) ပွင့်လင်းမြင်သာမှုရှိပြီး ဈေးကွက်နှင့် လိုက်လျောညီထွေရှိမည့် မတူကွဲပြားမှုများကို ပေါင်းစည်းညီညွတ်စေမည့် လုပ်ဆောင်ချက်များ ဆောင်ရွက်စေခြင်း၊
(၆) အသိပညာအခြေပြု အခြေခံအဆောက်အအုံ ဖွံ့ဖြိုးလာစေခြင်း၊
(၇) ကြီးပွားတိုးတက်မှု အရင်းအမြစ်များ တိုးပွားလာစေခြင်းနှင့်
(၈) ကြီးပွားတိုးတက်မှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်တိုးတက်စေခြင်းတို့ ဖြစ်ပါသည်။

SRI ရှုစ်ချက်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကဦးတည်ခြင်းဖြစ်ပြီး အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှုဆိုင်ရာအခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားလာစေရေး ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဥပမာ- ပုဂ္ဂလိကကဏ္ဍကို ပြန်လည်သက်ဝင်အားကောင်းလာစေရေး မဟာဗျူဟာအရ အစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးလာစေရန်၊ ဆန်းသစ်တီထွင်မှု အားကောင်းလာစေရန် ဦးစားပေး ချေးငွေများ ဖန်တီးပေးသကဲ့သို့ အရည်အသွေးပြည့်ဝသည့် လုပ်သားအင်အားစုများ ဖွံ့ဖြိုးလာစေရေး မဟာဗျူဟာအရ အရည်အသွေးရှိလုပ်သားအင်အားစုများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပြီး နိုင်ငံခြားသား အလုပ်သမားများအပေါ် မှီခိုအားထားရမှုကို လျှော့ချလာနိုင်စေရန် ဆောင်ရွက်သည်ကို တွေ့ရသည်။ ရှိပြီးသားအလုပ်သမားအင်အားစုများကို အရည်အသွေးမြှင့်တင်ပေးပြီး လစဉ်တစ်လလျှင် အနည်းဆုံးအခကြေးငွေ အမေရိကန်ဒေါ်လာ ၃၀၀ အထိ ရရှိလာနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် အောက်ခြေအိမ်ထောင်စု ၄၀ ရာခိုင်နှုန်း၏ ဝင်ငွေအဆင့်ကို မြှင့်တင်နိုင်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

**အစိုးရအသွင်ကူးပြောင်းရေးအစီအစဉ်**
**(Government Transformation Programme-GTP)**

အစိုးရအသွင်ကူးပြောင်းရေး အစီအစဉ်တွင် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးသည် အမျိုးသားအဆင့် ရလဒ်နယ်ပယ် ခုနစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ဆောင်ရွက်ပေးမည့် အေဂျင်စီများကို စုစည်းပေးသည်။ ယင်းအေဂျင်စီများ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ကြိုးပမ်းမှုများကို လေ့လာကြည့်ရာ

(၁) ကျေးလက်ဖွံ့ဖြိုးရေး မဟာစီမံကိန်း (၂၀၁၂-၂၀၂၀) ကို အကောင်အထည်ဖော်ခြင်း၊
(၂) ၂၀၂၀ ပြည့်နှစ်၌ စွန့်ဦးတီထွင်လုပ်ငန်းများတွင် ကျေးလက်နေပြည်သူများ ၃၀ ရာခိုင်နှုန်းပါဝင်ရန်၊ အထူးသဖြင့် အမျိုးသမီးများပါဝင်လာစေရန် ဦးတည်ဆောင်ရွက်ခြင်း၊
(၃) ၂၀၂၀ ပြည့်နှစ်တွင် အခြေခံအဆောက်အအုံများ၊ အခြေခံဝန်ဆောင်မှုများ ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံရရှိစေခြင်း၊
(၄) ၂၀၁၂ ခုနှစ်တွင် Sabahနှင့် Sarawak တို့ရှိ ကျေးလက်ဒေသများအတွက် လျှပ်စစ်မီးရရှိမှု ၈၁ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းအသီးသီး၊ ရေရရှိမှုကို ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးနိုင်ခဲ့ခြင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီး ၁၀၀ ရာခိုင်နှုန်းနှင့် ရေပေးဝေမှု ၉၃ ဒသမ ၈၁ ရာခိုင်နှုန်း ဖြန့်ဝေပေးနိုင်ခဲ့ခြင်း၊
(၅) ကျေးလက်ဒေသများတွင် အင်တာနက်ဘရော့ဒ်ဘန်း တိုးမြှင့်ခြင်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဒစ်ဂျစ်တယ်ကွာဟမှုကို ၂၀၂၃ ခုနှစ်တွင် ၉၆ ဒသမ ၈ ရာခိုင်နှုန်း လျှော့ချခြင်း၊
(၆) စိုက်ပျိုးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်နှင့်ကိုက်ညီသော နေရာချထားမှုနှင့် ဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်မှုစသည်တို့ကို ကနဦးဖော်ဆောင်ပေးခြင်း၊ တိုးမြှင့်ပေးခြင်း၊
(၇) ကျေးလက်ဆေးပေးခန်း၊ မိသားစုကျန်းမာရေး၊ ကျေးလက်သွားနှင့် ခံတွင်းဆိုင်ရာဝန်ဆောင်မှု၊ အစားအသောက်နှင့်အာဟာရဆိုင်ရာ အကြံပေးခြင်းစသည့် ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှု အစီအစဉ်များ အကောင်အထည်ဖော်ခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း။

**ဆင်းရဲနွမ်းပါးမှုပပျောက်ရေးအတွက် လက်ရှိကျင့်သုံးနေသော အသေးစားမဟာဗျူဟာများ**

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ အသေးစား မဟာဗျူဟာတွင် ဆင်းရဲနွမ်းပါးသူ အစုအဖွဲ့များ၊ အိမ်ထောင်စုနှင့် နေရာဒေသများကိုဖော်ထုတ်၍ ၎င်းတို့၏လိုအပ်ချက်များနှင့် ကိုက်ညီမည့် ပံ့ပိုးမှုများ၊ Bumiputra အထူးသဖြင့် လူမျိုးစုလူနည်းစုများ၊ Sabahနှင့် Sarawak ကဲ့သို့သော ဦးတည်အုပ်စုများအတွက် အံဝင်ခွင်ကျဖြစ်စေသော အစီအစဉ်များ၊ အခြေခံဆင်းရဲနွမ်းပါးသူများ၊ အမျိုးသမီးဦးဆောင်သည့် မိသားစုများ (သို့မဟုတ်) မိခင် (သို့မဟုတ်) ဖခင်တစ်ဦးတည်း ဦးဆောင်ရပ်တည်ရသောမိသားစုများ၊ သက်ကြီးရွယ်အိုများနှင့် ခက်ခဲကျပ်တည်းသော အသိုက်အဝန်းများကဲ့သို့သော သီးခြားအုပ်စုများအတွက် မတူကွဲပြားသော အစီအစဉ်များ ပါဝင်ပါသည်။

အစိုးရအနေဖြင့် ၄၀ ရာခိုင်နှုန်းသော အခြေခံလူတန်းစားအိမ်ထောင်စုများ၏ ကလေးများအား ပညာရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးရန်အတွက် ထောက်ပံ့ကြေးများ၊ ပညာသင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေး (ဘော်ဒါကျောင်းများ၊ ငွေကြေး၊ ကျောင်းဝတ်စုံနှင့် ကျူရှင်ခများအပါအဝင်) ပေးခြင်းစသည်တို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း တွေ့ရသည်။

ကျေးလက်နှင့် မြို့ပြရှိ သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဆင်းရဲနွမ်းပါးအိမ်ထောင်စုများအတွက် အိမ်ရာများ ပံ့ပိုးပေးသကဲ့သို့ လူနေမှုအဆင့်အတန်း မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ ရေကောင်းရေသန့်၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးစသည့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန်ပါ ဆောင်ရွက်ပေးသည်။ အထောက်အပံ့နှင့် သက်သာသော ချေးငွေအပါအဝင် အသေးစားလုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုအစီအစဉ်များပါဝင်ပါသည်။ ကန်ထရိုက်လယ်ယာစနစ် စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဝင်ငွေတိုးပွားစေပြီး စီးပွားရေးအခွင့်အလမ်းများဖန်တီးပေးနိုင်သကဲ့သို့ ပေါင်းစည်းမြေယာစနစ် ဆောင်ရွက်ခြင်းဖြင့် မြေယာအသုံးချမှုနှင့် စိုက်ပျိုးနိုင်စွမ်းကို တိုးမြှင့်ပေးနိုင်သည့်အတွက် အထွက်နှုန်းတိုးစေပြီး အခြားစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်သည်ကို တွေ့ရသည်။

**မူဝါဒချိတ်ဆက်မှုများနှင့် သုံးသပ်ချက်**

ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတွင်ပါဝင်သည့် အဖွဲ့အစည်းပေါင်းများစွာကို အစိုးရအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးရာတွင် ထိရောက်အောင်မြင်မှုနှင့် သေချာမှုရှိစေရန် အလွန်အရေးကြီးသည်။ မူဝါဒများ အနက် အားလုံးပါဝင်မှု၊ ခွဲခြားဆက်ဆံမှုမရှိခြင်းမှာ အရေးပါသောမူဝါဒဖြစ်သည်ကို သတိပြုမိရသည်။ မြန်မာနိုင်ငံတွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို ပို၍ဆင်းရဲသော ဝေးလံခေါင်းပါးဒေသများ၊ ပိုမိုလိုအပ်သည့်ဒေသများကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ခွဲခြားမှုမရှိဘဲ အားလုံးတစ်ပြေးညီ ပူးပေါင်းဆောင်ရွက်နိုင်မည့် Design များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

မလေးရှားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆင်းရဲနွမ်းပါးသူအများစုအား ခေတ်မီလယ်ယာစနစ်လုပ်ဆောင်စေပြီး လယ်ယာထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

မလေးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပပျောက်ရေးမူဝါဒ၏နောက်ထပ်ထူးခြားချက်မှာ တိုင်းရင်းသားအုပ်စုများကြား ဝင်ငွေကွာဟမှုကို လျှော့ချရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးလက်ဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲချမှတ်ခဲ့ပြီး ကုလသမဂ္ဂကချမှတ်ထားသည့် Sustainable Development Goals (SDGs)၊ နိုင်ငံတော်အစိုးရကချမှတ်ထားသည့် Myanmar Sustainable Development Plan (MSDP) တို့နှင့်အညီ ပြည်သူဗဟိုပြု ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်မှစတင်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက် (၉) ရပ်ချမှတ်ပြီး လုပ်ငန်းစဉ်များကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် လယ်ယာစီးပွားကဏ္ဍမြှင့်တင်ရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားတိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်ရန်ရည်မှန်းပြီး **"နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ"** တစ်ရပ်ထူထောင်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုမြှင့်တင်နိုင်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

မလေးရှားနိုင်ငံ၏စီးပွားရေးတွင် အစိုးရက ကနဦးလှုံ့ဆော်ဆောင်ရွက်ပေးရာမှ နောက်ပိုင်းတွင် ပုဂ္ဂလိကကဏ္ဍကို တွန်းအားပေးခြင်းဖြင့် စီးပွားရေးတိုးတက်မှု၏အင်ဂျင်အဖြစ် မောင်းနှင်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး နိုင်ငံအတွင်းနေထိုင်သည့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကိုပါ မြှင့်တင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေးတိုးတက်မှုမှတစ်ဆင့် အခွန်အခများ တိုးမြင့်ရရှိလာနိုင်ပြီး ဆင်းရဲမှုပပျောက်ရေးအတွက် အရင်းအမြစ်များ ရှာဖွေဖော်ထုတ်ပေးလာနိုင်မည်ဖြစ်သည်။

နောက်ထပ်ဗျူဟာတစ်ခုမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အလေးပေးမှုဖြစ်သည်။ မက်ခရိုချဉ်းကပ်မှုနည်းလမ်းတွင် မိုက်ခရိုရှုထောင့်ဖြင့် ပေါင်းစပ်ထားကြောင်း တွေ့ရသည်။ အစိုးရက ဆင်းရဲနွမ်းပါးနှင့် ထိခိုက်လွယ်သောအုပ်စုများကို စနစ်တကျ စာရင်းပြု၍ ငွေကြေး၊ အိမ်ရာ၊ စီးပွားရေးနှင့် အလုပ်အကိုင်အကူအညီများ ထိထိရောက်ရောက် ပံ့ပိုးပေးသည်။ မြန်မာနိုင်ငံတွင် ထိုသို့ဆောင်ရွက်ပေးနိုင်ရန် ဦးတည်အုပ်စုများကို စစ်တမ်းကောက်ယူထားနိုင်မှု မရှိသေးပေ။

မလေးရှားနိုင်ငံ၏ စာရင်းအင်းဦးစီးဌာန၏ စာရင်းအရ ကိုဗစ်-၁၉ ဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲမှုနှုန်း ၈ ဒသမ ၄ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာခဲ့ရာ အစိုးရ၏ ဆင်းရဲမှုလျှော့ချရေး အလေးထားဆောင်ရွက်မှု၊ ကတိကဝတ်ပြုမူဝါဒများချမှတ် အကောင်အထည်ဖော်မှုနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးမှုများကြောင့် ၂၀၂၁ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၈ ဒသမ ၂ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဆင်းရဲမှုနှုန်း ၆ ဒသမ ၂ ရာခိုင်နှုန်းအထိ လျော့ကျအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**လေ့လာတွေ့ရှိချက်**

လေ့လာတွေ့ရှိချက်များအရ မလေးရှားနိုင်ငံသည် လူဦးရေထူထပ်သောနိုင်ငံ ဖြစ်သော်လည်း အစိုးရသည် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ကြိုးစားဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဆင်းရဲ နွမ်းပါးမှုပပျောက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတွင်းသာလွန်ကောင်းမွန်သော စီးပွားရေးစွမ်းဆောင်နိုင်မှုရှိမှသာ အောင်မြင်နိုင်မည်ဖြစ်သည်ကိုလည်း သတိပြုမိရပါသည်။ ဆင်းရဲမှုလျှော့ချရေးဆောင်ရွက်မှုများထဲတွင် စီးပွားရေးပုံစံသစ်ကို ရေးဆွဲဖော်ဆောင်ခြင်း၊ နိုင်ငံနှင့်ကိုက်ညီသည့် မူဝါဒများ ချမှတ်ကျင့်သုံးခြင်း၊ ဆင်းရဲနွမ်းပါးသည့် ထိခိုက်လွယ်အုပ်စုများကို ဖော်ထုတ်၍ ဦးတည်ချက်ထား ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍကို တွန်းအားပေးခြင်း၊ အရည်အသွေးပြည့်မီသော လုပ်သားအင်အားကို ပြုစုပျိုးထောင်ပေးခြင်းနှင့် နိုင်ငံခြားသားအလုပ်သမားအပေါ် မှီခိုအားထားမှု လျှော့ချခြင်းတို့အပြင် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဦးတည်ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဖော်ဆောင်နိုင်ခြင်းကြောင့် အချိန်တိုအတွင်း ဆင်းရဲနွမ်းပါးမှုနှုန်းကို သိသိသာသာလျှော့ချပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် မူဝါဒများကို ချမှတ်ကျင့်သုံးပြီး ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ဆင်းရဲမှုမှလွတ်ကင်းပြီး သာယာဝပြောသည့် လူမှုဘဝများ ပိုင်ဆိုင်နိုင်ကြမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။


**ရည်ညွှန်းကိုးကားချက်**

- https://www.macrotrends.net/countries/MYS/malaysia/clean-water-access-stati-stics
- https://www.thestar.com.my/news/nation/ 2023/07/30/data-crucial-in-shaping-policies-to-raise-income
- https://en.wikipedia.org/wiki/Malaysia
- https://tradingeconomics.com/malaysia/gdp
- Dr.Mohd and Dr.John (2015): Poverty Alleviation Strategies and New Economic Model in Malaysia
- Treasury (2011), Treasury Economic Report 2011-2012, Putrajaya: Government Printer.
- Xavier, J.A. and Ahmed, Z.U. (2012), A Scholarly Research Agenda for Tran-sforming Malaysia into a Model Developing Country. International Journal of Public Sector Management, Vol. 25 Iss: 3 pp. 231 – 243.
- Yeah, K.M (2010). Moving up the value chain. Paper presented at the 15th Civil Service Conference, 1-3 December 2010, National Institute of Public Admini-stration (INTAN), Kuala Lumpur.

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသန်းထွန်းဦး ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် မြို့တော်သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိရပ်ကွက် မိုးသောက်ပန်းလမ်း လမ်းဘေးဝဲယာတွင် ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးတို့အတွက် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသန်းထွန်းဦးနှင့် အဖွဲ့သည် ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်အတွင်းရှိ Maple Win Naypyitaw Co.,Ltd အထည်ချုပ်စက်ရုံသို့ သွားရောက်၍အထည်ချုပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးရာ(**အပေါ်ပုံ**) တာဝန်ရှိသူများက



ထုတ်လုပ်နေမှုနှင့် ဖြန့်ဖြူးရောင်းချနေမှုများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် Super Technology Co.,Ltd ပိုက်နှင့် ပိုက်ဆက်ပစ္စည်းစက်ရုံသို့ သွားရောက်၍ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းများ သွက်လက်မြန်ဆန်ပြီး အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင်ဆောင်ရွက်စေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအားများ မြင့်မားရေးကို ဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျဉ်းမနား-တောင်ညိုလမ်းနှင့် ပြည်ကြီးဥဿျောင်လမ်းဆုံရှိ မင်္ဂလာကန် အမှတ်(၂) အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကန်ပေါင်မြေယာရှူခင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းများ၊ နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး အဝင်လမ်းဝဲယာတွင် ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ ချုံနွယ်များ၊ ပေါင်းမြက်များ၊ သစ်ပင်များ အလင်းဖွင့်ခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် သန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ပန်းအလှပင်များနှင့်အရိပ်ရလေကာပင်များစိုက်ပျိုးရန် ပြင်ဆင်နေမှုများကို ကြည့်ရှုအားပေးသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး ကျွမ်းကျင်မှုသင်တန်းများဖွင့်

**ရန်ကင်း အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီနှင့် အလုပ်သမားဝန်ကြီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)တို့ပူးပေါင်းပြုလုပ်သော ဂဟေဆက်သင်တန်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်း သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲနှင့် လေအေးပေးစက်တပ်ဆင်၊ ပြုပြင်ခြင်းသင်တန်းနှင့် ဂဟေစက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကင်းမြို့နယ်အမှတ်(၁၃)ရပ်ကွက် မြနန္ဒာလမ်းရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ယခုဘဏ္ဍာရေးနှစ်တွင် ကျွမ်းကျင်မှုသင်တန်းလေးမျိုးအတွက် သင်တန်း ၁၆ ကြိမ်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့သင်တန်းနှင့်ဆိုလျှင် ၁၁ ကြိမ်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကာ သင်တန်းသား ၃၁၁ ဦးတက်ရောက်နိုင်ခဲ့ကြောင်း၊ ၈၀ ရာခိုင်နှုန်းကျော်သည် သင်တန်းမှပို့ချပေးလိုက်သည့် စာတွေ့လက်တွေ့များကို အသုံးချကာ သက်ဆိုင်ရာလုပ်ငန်းခွင်အသီးသီးတွင် အလုပ်အကိုင်များရရှိဆောင်ရွက်နေကြပြီး ဘဝရပ်တည်ချက် ခိုင်မာမြင့်မားလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှုသင်တန်း သုံးမျိုးဖြစ်သည့် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ ဂဟေဆက်သင်တန်းမှ ထူးချွန်ဆုရသင်တန်းသားများအား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ဆုလက်ဆောင်များ ချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရွှေပညာဒါန (အခမဲ့) ရွှေအသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ၂၉ ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) ရွှေအသိပညာပေးသင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြသည်။ သင်တန်းပထမနေ့တွင် ရွှေတူးဖော်ခြင်းဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် ( သိန်းသန်းစိန်ရွှေရတနာဆိုင်) နှင့် ဆရာဦးတင်နိုင်ထွန်း (ဘူမိဗေဒပညာရှင်) တို့က သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းသားသင်တန်းသူ ၁၀၀ တို့သည်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် အသိပညာပေးသင်တန်းကို အောက်တိုဘာ ၁၄ ရက်က အသင်းရုံး၌ တက်ရောက်ရာ အသင်း၏ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကျော်ငြိမ်းက သင်ကြားပို့ချပြီး သင်တန်းဆင်းလက်မှတ်ကို အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်တို့က ပေးအပ်သည်။

ရွှေပညာဒါနသင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ သိပ်သည်းဆ၊ ရွှေပန်းတိမ်၊ ရွှေဒင်္ဂါး ငွေဒင်္ဂါး၊ အသုံးချရွှေသင်္ချာ၊ ကျောက်မျက်ပညာ၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း ပညာရပ်တို့ကို ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကို လစဉ်ဖွင့်လှစ်လျက်ရှိရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## မိုးစပါးရိတ်သိမ်းမည့် တောင်သူလယ်သမားများသို့ ကြိုတင်အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးများ ရိတ်သိမ်းကြရာတွင် စပါးရိတ်သိမ်းခြွေလှေ့စက် (Combine Harvester) များအသုံးပြုပြီး ရိတ်သိမ်းခြွေလှေ့ခြင်းဖြင့် (က) အချိန်ကုန်သက်သာခြင်း (ခ) အလေအလွင့်နည်းပါးခြင်း (ဂ) ဆန်အရည်အသွေးကောင်းမွန်ခြင်း (ဃ) လူလုပ်အား အစားထိုးနိုင်ခြင်း၊ (င) စီးပွားရေးတွက်ခြေကိုက်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၂။ စပါးရိတ်သိမ်းခြွေလှေ့စက်ပိုင်ရှင်များအနေဖြင့် လုပ်ငန်းခွင်မဝင်ရောက်မီကတည်းက မိမိတို့၏စက်များကို ကြံ့ခိုင်ထိန်းသိမ်းပြုပြင်မှုများ အချိန်နှင့်တစ်ပြေးညီ စနစ်တကျဆောင်ရွက်ထားကြရန် လိုအပ်ပါသည်။

၃။ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်မည့် စက်မောင်းသူများအနေဖြင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကျွမ်းကျင်စွာမောင်းနှင်နိုင်မှသာ စပါးအလေအလွင့်နည်းမည်ဖြစ်၍ ကြိုတင်၍ လေ့ကျင့်သင်ကြားထားရန် လိုအပ်မည်ဖြစ်ပါသည်။

၄။ ရိတ်သိမ်းရာတွင် စပါးများ အလေအလွင့်နည်းပါးစေရန်အတွက် စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမည့်လယ်ကွက်များအား မရိတ်သိမ်းမီ ရေကိုပြောင်စင်အောင် ထုတ်ထားကြပြီး စက်မောင်းနှင်ရန်အတွက် သင့်တော်သည့်မြေအနေအထား ရရှိအောင် ကြိုတင်ဆောင်ရွက်ထားကြရန်နှင့် စပါးများကို မောင်းညိုချိန်တွင် ရိတ်သိမ်းကြရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ ပေါင်းများသော စပါးခင်းများ၊ လဲနေသောစပါးခင်းများကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းမည်ဆိုပါက အလေအလွင့် အနည်းငယ်ရှိနိုင်ပြီး ကျွမ်းကျင်သောစက်မောင်းသမားများဖြင့် ရိတ်သိမ်းရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများအပါအဝင် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသော လုပ်ငန်းရှင်များအနေဖြင့် မိုးစပါးများရိတ်သိမ်းခြွေလှေ့ကြရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများနှင့် စက်မှုလယ်ယာဦးစီးဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

❊ *ကျောဖုံးမှ*

မကာအိုအသင်းသည် အိမ်ကွင်း၌ကစားရသော်လည်း ထူးထူးခြားခြား လုပ်မပြနိုင်ဘဲ ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ဂိုးရနိုင်သည့်အခွင့်အရေးများရသော်လည်း အသုံးမချနိုင်သဖြင့် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် မကာအိုအသင်းကို ပထမအကျော့ အိမ်ကွင်းပွဲတွင် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသဖြင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားတို့နှင့် အုပ်စု(B) တွင် ကျရောက်မည်ဖြစ်သည်။

**ရဲရင့်လွင်**

❒ *ကျောဖုံးမှ*

ပေါ်တူဂီအသင်းသည် ဘော့စနီးယားအသင်းဘက်သို့ ပထမပိုင်းပွဲချိန်အတွင်းပင် သွင်းဂိုးငါးဂိုးရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို စီရော်နယ်ဒို၊ ဖာနန်ဒက်စ်၊ ကန်ဆယ်လိုနှင့် ဖီးလစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ယခုအနိုင်ပွဲကြောင့် ရှစ်ပွဲကစား ရှစ်ပွဲစလုံးအနိုင်ရရှိထားပြီး ပြိုင်ဘက် ဘော့စနီးယားအသင်းက ရှစ်ပွဲကစားပြီး သုံးပွဲနိုင်၊ ငါးပွဲရှုံး ရလဒ်ရရှိထားသည်။ ပေါ်တူဂီအသင်းသည် အဆိုပါရှစ်ပွဲတွင် တိုက်စစ်က သွင်းဂိုး ၃၂ ဂိုးအထိ ရယူထားနိုင်ပြီး ခံစစ်က နှစ်ဂိုးသာ ပြန်လည်ခွင့်ပြုပေးခဲ့ရသည်။ ထို့အပြင် အဆိုပါ ပြိုင်ပွဲတွင် အသင်းအဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒိုသည် ခုနစ်ပွဲပါဝင်ကစားထားကာ ကိုးဂိုးအထိ သွင်းယူထားနိုင်သည်။

**အောင်ဇော်**

# ထိုင်းနိုင်ငံက ရုရှားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ရက်ပေါင်း ၉၀ အထိ တိုးမြှင့်

ဘန်ကောက် အောက်တိုဘာ ၁၇

**ရုရှားလူမျိုးများအတွက် ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုဖြစ်သည့် ထိုင်းနိုင်ငံသည် ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်ရန်အလို့ငှာ ရုရှားကမ္ဘာလှည့်ခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ကာလကို ထိုင်းအစိုးရက သက်တမ်းတိုးမြှင့်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**



သက်တမ်းတိုးမြှင့်သည့်ကာလမှာ နိုဝင်ဘာ ၁ ရက်မှ လာမည့်နှစ် ဧပြီ ၃၀ ရက်အထိ ခြောက်လ သက်တမ်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ရုရှားခရီးသွားများကို ရက်ပေါင်း ၉၀ ကြာ ဗီဇာကင်းလွတ် နေထိုင်ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

**လေကြောင်းလိုင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်**

ယူကရိန်းအား အထူးစစ်ဆင်ရေး ဆင်နွှဲပြီးနောက် ရုရှားနိုင်ငံသို့ ဥရောပလေကြောင်းလိုင်းများ၊ အမေရိကန်နှင့် အခြားသော နိုင်ငံများမှ လေကြောင်းလိုင်း ဝင်ခွင့်များကို ရပ်နားထားခဲ့သည်။ ထို့အပြင် ထိုင်းနိုင်ငံသည်လည်း တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုကို ရပ်နားထားခဲ့သည်။ သို့သော်လည်း ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် လေကြောင်းလိုင်းပျံသန်းပြေးဆွဲမှု ပြန်လည်စတင်ခဲ့သည်။

ထိုင်းနိုင်ငံသည် မကြာသေးမီက တရုတ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ခရီးသွားများအတွက်လည်း ဖေဖော်ဝါရီလကုန်အထိ ဗီဇာလိုအပ်ချက်များကို လျှော့ပေါ့ပေးခဲ့သည်။ ၎င်းတို့သည် လက်ရှိထိုင်းနိုင်ငံတွင် ရက်ပေါင်း ၃၀ အထိ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်နိုင်ကြောင်း သိရသည်။

**တစ်နှစ်လျှင်ခရီးသွား သန်း ၄၀ ခန့် ဝင်ရောက်မှုရှိ**

ခရီးသွားလုပ်ငန်းကို အားထားရသော ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက တစ်နှစ်လျှင် ခရီးသွား သန်း ၄၀ ခန့် ဝင်ရောက်မှုရှိကြောင်း သိရသည်။ မကြာသေးမီက ကျမ်းသစ္စာကျိန်ဆိုခဲ့သော ဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်သည် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ကူညီထောက်ပံ့ရန် ကတိပြုထားသည်။

အင်န်အိတ်ချ်ကေ

# ဂါဇာဒေသခံများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီ ကန်ဒေါ်လာ ၁၀ သန်း ဂျပန် ပေးအပ်မည်

တိုကျို အောက်တိုဘာ ၁၇

ဂါဇာကမ်းမြောင်တွင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာချိန်တွင် ဒေသခံများအတွက် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပံ့ပိုးမှုအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အပြစ်မဲ့ ပြည်သူများအတွက် ဆေးကုသမှုများအပြင် စားနပ်ရိက္ခာ၊ သောက်သုံးရေအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ လက်ခံရရှိရန်အလို့ငှာ ဂျပန်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံရေး ကြိုးပမ်းအားထုတ်မှုများ ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

ဂါဇာကမ်းမြောင် ဒေသခံများအား နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း ကာမိကာဝါက ဆက်ပြောသည်။ ထို့အပြင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ အထူးသံတမန်ဖြစ်သူ ယူအီမူရာ ဆူကာဆာသည် အစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် အင်္ဂါနေ့မှ တနင်္ဂနွေနေ့အထိ အီဂျစ်၊ ဂျော်ဒန်နှင့် ကာတာနိုင်ငံတို့သို့ သွားရောက်မည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

အဆိုပါ အထူးသံတမန်သည် အစ္စရေးနှင့် စစ်သွေးကြွအုပ်စု ဟားမားစ်အကြား ပဋိပက္ခအရှိန်လျှော့စေမည့် နည်းလမ်းများကို ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကို



# အစ္စရေးလေကြောင်းတိုက်ခိုက်မှု ပါလက်စတိုင်း ၄၀ သေဆုံး

ဂါဇာ အောက်တိုဘာ ၁၇

ဂါဇာတောင်ပိုင်း ခန်ယူနစ်မြို့ကို အောက်တိုဘာ ၁၇ ရက်တွင် အစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ၄၀ ထက်မနည်း သေဆုံးခဲ့ကြောင်း၊ အများစုမှာ ရွှေ့ပြောင်းအခြေချသူများ ဖြစ်ကြောင်း ဟားမားစ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အစ္စရေး စစ်လေယာဉ်များသည် ခန်ယူနစ်ဒုက္ခသည် စခန်းကို လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ အဆိုပါနေရာသည် မြောက်ပိုင်းဂါဇာမှ ရွှေ့ပြောင်းလာသော ပါလက်စတိုင်းရွှေ့ပြောင်းအခြေချသူများ နေထိုင်သည့်နေရာဖြစ်သည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်သည်။

ဟားမားစ်နှင့် အစ္စရေးအကြား သွေးထွက်သံယို ပဋိပက္ခများ စတင်ဖြစ်ပွားခဲ့သည့် အောက်တိုဘာ ၇ ရက်မှစကာ ပါလက်စတိုင်း ၂၈၀၈ ဦး သေဆုံးခဲ့ပြီး ၁၀၈၅၀ ဒဏ်ရာရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ပါလက်စတိုင်း ၁၂၀၀ ခန့် ပိတ်မိနေဆဲဖြစ်ကြောင်းနှင့် ပါလက်စတိုင်းဘက်ပိုင်းတွင် ကလေးငယ် ၅၀၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဂါဇာ ကမ်းမြောင်ဒေသတွင် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်ခြင်းကို တုံ့ပြန်သောအားဖြင့် ဟားမားစ်စစ်သွေးကြွများက အောက်တိုဘာ ၇ ရက်တွင် အစ္စရေးစစ်ဘက်ဆိုင်ရာ နေရာများကို ပစ်မှတ်ထားပြီး ရုတ်တရက် တိုက်ခိုက်ခဲ့သည်။ ဟားမားစ်တို့၏တိုက်ခိုက်မှုကြောင့် အစ္စရေးဘက်၌ ၁၃၀၀ ကျော် သေဆုံးခဲ့သည်။

ဆင်ဟွာ

# ကွန်ဂိုတွင် ကူးတို့လှေနစ်မြုပ်ခဲ့သောကြောင့် သေဆုံးသူ ၄၇ ဦးအထိ မြင့်တက်

ကင်ရှာဆာ အောက်တိုဘာ ၁၇

ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ အနောက်မြောက်ပိုင်း အီကွေတာပြည်နယ်တွင် လွန်ခဲ့သောလေးရက်ကလူ ၃၀၀ တင်ဆောင်လာသော ကူးတို့လှေတစ်စင်း နစ်မြုပ်ခဲ့ပြီးနောက် သေဆုံး သူ ၄၇ ဦးအထိ မြင့်တက်လာပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး မာ့ခ်အာကီလာက အောက်တိုဘာ ၁၆ ရက်က ပြောသည်။

လှေနစ်မြုပ်ခြင်းသည် သောကြာနေ့က ကွန်ဂိုမြစ်ထဲ၌ ဖြစ်ပွားခဲ့သည်။ လှေနစ်မြုပ်ခြင်းကြောင့် ၄၇ ဦးအထိ သေဆုံးခဲ့ပြီးဖြစ်သော်လည်း ဆက်လက်ပျောက်ဆုံးသူများ ရှိနေဆဲဖြစ်ကြောင်း ဝန်ကြီးက ပြောသည်။ အဆိုပါ စိတ်မကောင်းဖွယ်ဖြစ်ရပ်မှာ ဝန်ပိုတင်မိခြင်းကြောင့်ဖြစ်သည်။ ပုံမှန်မဟုတ်သော အခြေအနေနှင့် ကြုံတွေ့ခဲ့ချိန်တွင် လှေကို မထိန်းသိမ်းနိုင်ခဲ့ဘဲ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးသည် သေဆုံးသူ ၂၈ ဦးကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အတည်ပြုပြောကြားခဲ့ပြီး ပျောက်ဆုံးသူ ၂၆၁ ဦးရှိကြောင်း ဖော်ပြခဲ့သည်။ ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့် သုံးဦး သေဆုံး

နယူးဒေလီ အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဘီဟာပြည်နယ်တွင် အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့် သုံးဦးထက်မနည်း သေဆုံးပြီး အခြားနှစ်ဦးမှာ ဖျားနာမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၁၇ ရက်တွင် ပြောသည်။

အခင်းဖြစ်ပွားသည့်နေရာမှာ ဘီဟာပြည်နယ် မြို့တော်ပတ်နာ၏ အရှေ့မြောက်ဘက် ၁၁၀ ကီလိုမီတာခန့်အကွာ ဒါဘန်ဂါခရိုင် မာခ်ဆူဒ်ပါရ်ကျေးရွာတွင်ဖြစ်ကြောင်း သိရသည်။ ရဲတပ်ဖွဲ့အနေဖြင့် အရက်ရောင်းချသူကို ဖမ်းဆီးခဲ့ပြီး ၎င်းထံမှ အရက်အများအပြားကိုလည်း သိမ်းဆည်းရမိခဲ့သည်။ ဆင်ဟွာ

# အင်ဒိုနီးရှားတွင် ရထားမတော်တဆမှု ဖြစ်ပွားခဲ့သောကြောင့် ၃၂ ဦးဒဏ်ရာရ

ဂျကာတာ အောက်တိုဘာ ၁၇

အင်ဒိုနီးရှား အထူးဒေသတစ်ခုဖြစ်သည့် ယိုဂျကာတာ၌ ရထားမတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ရာ ၃၂ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးသမားတစ်ဦးက ပြောသည်။

ကူလွန်ပရိုဂိုအုပ်ချုပ်ခွင့်ဒေသ၌ အာဂိုဆီမိရှုရထားကို တခြား အာဂိုဝီလစ်ရထားက ဝင်တိုက်ခဲ့သောကြောင့် ၎င်းရထားသည် လမ်းချော်ခဲ့သည်။

အဆိုပါမတော်တဆမှုသည် ဂျကာတာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဖြစ်ပွားခဲ့သည်။ ကူလွန်ပရိုဂိုအုပ်ချုပ်ခွင့်ဒေသရှိ ကြက်ခြေနီရုံးမှ ပြန်ကြားရေး အရာရှိတစ်ဦးဖြစ်သူ ဝစ်နူရန်ဂါက ရထားလမ်းချော်မှုကြောင့် လူ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တချို့ကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်မြို့ရှိ နယ်မြေခံသင်တန်းကျောင်းစက်ပစ်ကွင်း၌ကျင်းပပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန် ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကို ပစ္စတိုပစ်ဖောက်၍ ဖွင့်လှစ်ပေးသည်။ (ယာပုံ) ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် အမျိုးသား၊ အမျိုးသမီး ပစ္စတို ထိ၊ လဲ ပစ်ခတ် စဉ်၊ အမျိုးသားကာဘိုင်၊ စက်လက်၊ ရိုင်ဖယ် ထိ၊ လဲ ပစ်ခတ်စဉ် များအား သရုပ်ပြပစ်ခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**အသင်းရှစ်သင်း ယှဉ်ပြိုင်သွားမည်**

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် အောက်တိုဘာ ၂၅ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား မိုင်တိုင်အမှတ်၊ ၉၈/၄-၅ ကြား တံတားအမှတ်(၁၃၆)ရှိရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း အောက်တိုဘာ ၇ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေကြီးမှုသဘာဝဘေးအန္တရာယ်ကြောင့် ရထားလမ်းများ ပျက်စီးခဲ့မှုများကို မြန်မာ့မီးရထားအနေဖြင့် အမြန်ဆုံးမွမ်းမံပြင်ဆင်မှု ဆောင်ရွက်နိုင်ခဲ့သောကြောင့် အောက်တိုဘာ ၁၄ ရက်မှစ၍ ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်း လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များကို ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

**မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

ထိုသို့ပြေးဆွဲလျက်ရှိရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းတွင် မန္တလေးမှထွက်ခွာလာသော မန္တလေး-ရန်ကုန် အမှတ်(၆)အစုန် အမြန်ရထားသည် ယနေ့ နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား မိုင်တိုင်အမှတ်၊ ၉၈/၄-၅ ကြားရှိ တံတားအမှတ် (၁၃၆)အနီးသို့ အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက အစုန်နှင့် အဆန် ရထားလမ်း နှစ်ခုစလုံးအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးထားသဖြင့် ရထားပြေးဆွဲနေသော အဆန် ရထားလမ်းနှင့် ပြန်လည်တည်ဆောက်နေသော အစုန်ရထားလမ်းတို့တွင် တပ်ဆင်ထားသည့်သံလမ်းသစ်များ နှစ်ပေခန့်စီ ပြတ်တောက် ကွေးကောက်ခြင်း၊ သံလမ်းသစ် ခြောက်ချောင်းပျက်စီးခြင်းနှင့် ကွန်ကရစ် ဇလီဖားတုံးများ ပျက်စီးခဲ့သည်။ အဆိုပါပျက်စီးမှုကြောင့် အမှတ်(၆) အစုန်အမြန်ရထားသည် ပိန်းဇလုပ်ဘူတာသို့ နောက်ပြန်ဆုတ်၍ ခေတ္တရပ်နားခဲ့ရသည်။ အလားတူ မန္တလေး-ရန်ကုန် အမှတ်(၄) အစုန်ရထားကိုလည်း ကျောက်တံခါးဘူတာတွင် ခေတ္တရပ်နားထားခဲ့ရသည်။

**ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ပြီ**

ယင်းသို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ရထားလမ်းများအား မြန်မာ့မီးရထားဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် ပြီးစီးခဲ့သဖြင့် အဆိုပါရထားများ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ တွေ့ရှိခြင်း ၁၂၆ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။

**အကြိမ်ကြိမ်ကျူးလွန်**

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံ အဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေးတို့အတွက်သာမက ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရန် ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ပိန်းဇလုပ်-တော်ဝိဘူတာအကြား ရထားလမ်းကို တွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ရထားလမ်းအား မြန်မာ့မီးရထားဝန်ထမ်းများက ပြန်လည်ပြင်ဆင်နေမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Naing Lin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရွှေနီကျွန်း ကျေးရွာနေ နိုင်လင်းအား ည ၉ နာရီ ၅ မိနစ်တွင် ဘားအံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု စိတ်ကြိုက်မြန်မာစာဘာသာရပ်ဆိုင်ရာသိကောင်းစရာများ

ဒေါက်တာထွန်းအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဒီကနေ့ ပို့ချမှာတော့ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးမှာ သင်ရိုးသစ် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာ ဘာသာရပ်ဟာ မြန်မာစာကို စိတ်ဝင်စားတဲ့ ကျောင်းသား ကျောင်းသူတွေအတွက် အထူးသင့်တော်တဲ့ဘာသာရပ်ဖြစ်ပြီး မြန်မာစာကို အသုံးချစာပေအနေနဲ့ လေ့လာနိုင်ဖို့အတွက် လမ်းခင်းပေးတဲ့ ဘာသာရပ် ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာသင်ယူတဲ့ ကျောင်းသား ကျောင်းသူတွေဟာ မြန်မာစာကို ခြေခြေမြစ်မြစ်သိရှိလာမှာ ဖြစ်ပါတယ်။ မြန်မာစာ အရေးအသား ပိုမိုကျွမ်းကျင်လာပြီး မြန်မာစာဝေါဟာရ အသုံးအနှုန်းတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါတင်မက မြန်မာစာပေရဲ့ စကားပြေတွေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်လာနိုင်ပါမယ်။ မြန်မာစကားပြေအရေးအသားတွေကို ကျွမ်းကျင်လာပြီး ကိုယ်တိုင်စာရေးသားရာမှာဖြစ်ဖြစ်၊ အခြားသူရေးထားတဲ့ စကားပြေတွေကို လေ့လာဆန်းစစ်ရာမှာဖြစ်ဖြစ် အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာစာပေသမိုင်းစဉ်ကိုသိရှိပြီး အစဉ်အလာကြီးမားတဲ့ မြန်မာစာပေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေကို မြတ်နိုးတန်ဖိုးထားတဲ့စိတ်တွေ နိုးကြားတိုးပွားလာမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို မဆွေးနွေးမီ စိတ်ကြိုက်မြန်မာစာ ပြဋ္ဌာန်းစာတွေကို ဦးစွာဖော်ပြပါမယ်။ စိတ်ကြိုက်မြန်မာစာမှာ စာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတို၊ မြန်မာစကားပြေ၊ စာအရေးအသားလမ်းညွှန်နဲ့ မြန်မာစာပေသမိုင်းတို့ ဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းစာတွေကို ဘယ်လိုလေ့လာသင့်တယ်။ စာမေးပွဲမှာ ဘယ်လိုမေးတယ်ဆိုတာကို ပြဋ္ဌာန်းစာအုပ်တစ်အုပ်ချင်း၊ မေးခွန်းတစ်ပုဒ်ချင်းအလိုက် ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာ ပြဋ္ဌာန်းစာအုပ် (၄)အုပ်ကို စာမေးပွဲ မေးခွန်းလွှာအနေနဲ့ မေးခွန်းကြီး (၆)ပုဒ် မေးပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းကြီးတစ်ပုဒ်၊ မှတ်စုတိုမေးခွန်းကြီးတစ်ပုဒ်၊ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုတစ်ပုဒ်၊ မြန်မာစကားပြေတစ်ပုဒ်၊ စာအရေးအသားလမ်းညွှန်တစ်ပုဒ်၊ မြန်မာစာပေသမိုင်းတစ်ပုဒ်တို့ ဖြစ်ပါတယ်။ (၃) နာရီ မေးခွန်းလွှာဖြစ်ပြီး မေးခွန်းအပုဒ်တိုင်းမှာ ပုဒ်ခွဲများ ပါဝင်ပါတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းမှအပ ကျန်မေးခွန်းတွေရဲ့ ပုဒ်ခွဲတိုင်းမှာလည်း ရွေးချယ်စရာပါရှိပါတယ်။ မြန်မာပြဇာတ်နဲ့ မြန်မာဝတ္ထုတို ပြဋ္ဌာန်းစာအုပ်ရဲ့ မြန်မာပြဇာတ်အပိုင်းမှာ ကုန်းဘောင်ခေတ် မြန်မာပြဇာတ်ဆရာရဲ့ မြန်မာပြဇာတ်နဲ့ ခေတ်ပြဇာတ်ဆရာရဲ့ ပြဇာတ်တစ်ပုဒ်တို့ကို လေ့လာရမှာဖြစ်သလို မြန်မာဝတ္ထုတိုအနေနဲ့ ကိုလိုနီခေတ်မှ မျက်မှောက်ခေတ်အထိ စာရေးဆရာတွေရဲ့ ဝတ္ထုတိုတွေကို လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထုတိုကို လေ့လာတဲ့အခါ ဝတ္ထုတိုရဲ့ သဘောသဘာဝကို ကောင်းစွာ သိထားသင့်ပါတယ်။ ဝတ္ထုဆိုတာ လူအကြောင်း၊ လောကအကြောင်းကို စာရေးသူရဲ့ စိတ်ကူးဉာဏ်နဲ့ ဖန်တီးရေးဖွဲ့ထားတဲ့ ရသစာပေတစ်မျိုး ဖြစ်ပါတယ်။ ဝတ္ထုမှာ ဝတ္ထုရှည်နဲ့ ဝတ္ထုတိုနှစ်မျိုး ရှိပါတယ်။ ဝတ္ထုရှည်ကတော့ ဇာတ်အိမ်ကြီးကြီးမားမားနဲ့ ရှည်ရှည်လျားလျားရေးဖွဲ့တဲ့ ဝတ္ထုမျိုးဖြစ်ပြီး ဝတ္ထုတိုကတော့ စာဖတ်သူ တစ်ထိုင်တည်းနဲ့ ဖတ်နိုင်အောင် တိုတိုရေးဖွဲ့ထားတဲ့ စာပေမျိုးဖြစ်ပါတယ်။

ဝတ္ထုရေးဆရာက သူ့ဝတ္ထုမှာ စာဖတ်သူကို အာရုံကျက်စားစေလိုတဲ့ သဘောတစ်ရပ်၊ အချက်တစ်ချက် တစ်နည်းအားဖြင့် သူ့ရဲ့ အာဘော်တစ်ခုခုကို တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းနဲ့ ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

ဝတ္ထုတိုမှာ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဆိုတဲ့ အခြေခံအင်္ဂါရပ်တွေ ပါရှိပါတယ်။ ဝတ္ထုတိုတွေကို လေ့လာရာမှာ ဒီအခြေခံအင်္ဂါရပ်တွေပေါ်မူတည်ပြီး ဝတ္ထုရဲ့အာဘော်၊ ဇာတ်လမ်းဖန်တီးပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ ကာလဒေသနောက်ခံဖန်တီးပုံ၊ အရေးအဖွဲ့၊ ရသနဲ့ အသိအမြင်ဆိုတဲ့ အစီအစဉ်တွေနဲ့ လေ့လာရမှာဖြစ်ပါတယ်။

ဝတ္ထု **__အာဘော်__** ဆိုတာကတော့ ဝတ္ထုကိုရေးသူရဲ့ ဆိုလိုချက် ဖြစ်ပါတယ်။ ဝတ္ထုတိုရေးဆရာရဲ့ ရည်ရွယ်ချက်လို့လည်း ဆိုနိုင်ပါတယ်။ ဝတ္ထုတိုရေးသူဟာ ဝတ္ထုတိုမှာ မိမိရဲ့ဆိုလိုချက်(အာဘော်)ကို ပေါ်လွင်အောင်ရေးဖွဲ့လေ့ရှိပါတယ်။ စာဖတ်သူအနေနဲ့လည်း ဝတ္ထုတိုတစ်ပုဒ်ဖတ်ပြီးသွားတဲ့အခါ ဝတ္ထုတိုရေးဆရာဟာ ဘာကိုဆိုလိုတယ်၊ သူ့ဝတ္ထုဟာ ဘာကိုပြောချင်တယ်၊ ဒီဝတ္ထုတိုရဲ့ ရည်ရွယ်ချက်ဟာ ဘာဖြစ်တယ် ဆိုတဲ့ ဆိုလိုချက် (အာဘော်) ကို နားလည်သွားမြဲ ဖြစ်ပါတယ်။

**__ဇာတ်လမ်းဖန်တီးပုံ__** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ရပ်တွေကို ဖန်တီးတဲ့နေရာမှာ သူ့ဘက်ကိုယ့်ဘက်အားပြိုင်မှုတွေကို ဖန်တီးတာ၊ ဖြစ်ရပ်တွေကို ကြောင်းကျိုးဆက်စပ်ပြတာ၊ ရှေ့ပိုင်းမှာ မြှုပ်ထားတဲ့ မြှုပ်ကွက်တွေကို နောက်ပိုင်းမှာ ပြန်ဖော်လိုက်တာ၊ နောက်ပိုင်းမှာ ဖြစ်လာမယ့် ဖြစ်ရပ်တွေကို ရှေ့ပိုင်းမှာ ကြိုတင်အရိပ် နိမိတ်ခင်းပြတာ စတဲ့ အတတ်ပညာတွေနဲ့ ဇာတ်လမ်းတစ်ပုဒ် နှစ်သက်စိတ်ဝင်စားဖွယ် ဖြစ်အောင် ဖန်တီးတာကို ဆိုလိုတာ ဖြစ်ပါတယ်။

**__ဇာတ်ဆောင်ဖန်တီးပုံ__** ဆိုတာကတော့ ဇာတ်လမ်းမှာပါဝင်ရတဲ့ ဇာတ်ဆောင်တွေကို အသက်ဝင်လာအောင် စရိုက်သဘာဝထင်ရှားလာအောင် ဖန်တီးရေးဖွဲ့တာကို ဆိုလိုခြင်းဖြစ်တယ်။ ဇာတ်ဆောင်ဖန်တီးရာမှာ ဇာတ်ဆောင်တွေရဲ့ စိတ်နေစိတ်ထားနဲ့ စရိုက်သဘာဝပေါ်လွင်လာအောင် ဇာတ်ဆောင်တွေရဲ့ ပုံပန်းသွင်ပြင်၊ အပြုအမူ၊ အပြောအဆို၊ ဇာတ်ဆောင်အချင်းချင်း ပြောဆိုပြုမူပုံတွေနဲ့ ပုံဖော်ဖန်တီးလေ့ရှိပါတယ်။ ဇာတ်ဆောင်တွေရဲ့ ကံသုံးပါးအမူအရာလို့ဆိုအပ်တဲ့ ကိုယ်နှုတ် နှလုံးသုံးပါးအမူအရာကို ပေါ်လွင်အောင် ရေးဖွဲ့တာဟာ ဇာတ်ဆောင်ဖန်တီးပုံပါပဲ။

**__နောက်ခံဖန်တီးပုံ__** ဆိုတာကတော့ ဇာတ်လမ်းဖြစ်ပျက်ရာ နောက်ခံအချိန်ကာလနဲ့ နေရာဒေသတွေကို ဖန်တီးရေးဖွဲ့ခြင်းဖြစ်တယ်။ ဝတ္ထုတိုရေးသူဟာ ဒီနောက်ခံအကြောင်းအချက်တွေကို ဝတ္ထုတိုရေးတဲ့ ခေတ်အခြေအနေ၊ စာရေးဆရာကျင်လည်တဲ့ လူမှုဝန်းကျင်အခြေအနေတွေနဲ့ ထင်ဟပ်ပြီး ဖန်တီးရေးဖွဲ့လေ့ရှိပါတယ်။

**__ဝတ္ထုတိုရဲ့ အရေးအဖွဲ့ပိုင်း__**ကို လေ့လာရာမှာတော့ စာရေးသူရဲ့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံတို့ ပေါ်လွင်အောင် စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ အလင်္ကာ၊ အဆင်တန်ဆာသုံးပုံတို့ကို လေ့လာရမှာ ဖြစ်ပါတယ်။

ဝတ္ထုတိုကပေးတဲ့ **__ရသနဲ့ အသိအမြင်__** ဆိုတာကတော့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ပြီးတဲ့နောက် စာဖတ်သူစိတ်ထဲ ဘယ်လိုနှစ်သက်မှုမျိုး ခံစားရပြီး ဘယ်လိုသင်ခန်းစာ၊ ဘယ်လို ဘဝအသိအမြင်မျိုး ရတယ်ဆိုတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဝတ္ထုတိုမှာ ဒီအချက်ဟာ အရေးပါတဲ့အလျောက် ဝတ္ထုတို လေ့လာသူတစ်ယောက်အနေနဲ့ ဒီအချက်ကိုလည်း အလေးထားရမှာ ဖြစ်တယ်။

ဝတ္ထုတို လေ့လာမှုအနေနဲ့ စာရေးဆရာမောင်ထင်ရဲ့ ဝတ္ထုတိုတစ်ပုဒ်ဖြစ်တဲ့ ထားဝယ်လုံချည် ဝတ္ထုတိုကို သာဓကအဖြစ် လေ့လာပြပါမယ်။

ဒီဝတ္ထုတိုဟာ လူ့သဘောလူ့သဘာဝကို ဖော်ကျူးလိုတဲ့ ရည်ရွယ်ချက်နဲ့ရေးခဲ့တဲ့ ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါတယ်။ လူသားတို့ရဲ့သဘာဝမှာ လင်နဲ့မယား ရန်ဖြစ်တတ်တယ်ဆိုတာ လူ့သဘာဝဖြစ်ပြီး မိမိနှင့်မသက်ဆိုင်ပါဘဲနှင့် သူတစ်ပါးလင်မယားအကြား ကြားဝင်ဖြေရှင်းရင် ဖြေရှင်းမိသူ မိမိသာ ဒုက္ခရောက်ရတတ်တယ်ဆိုတဲ့ လူ့သဘောလူ့သဘာဝကို သတိပြုမိစေလိုတဲ့ စာရေးသူရဲ့ **__အာဘော်__** ကို တွေ့ရမှာဖြစ်ပါတယ်။

ဒီအာဘော်ကို ပေါ်လွင်စေဖို့ စာရေးသူဟာ မြင်းပန်းထိမ်ဆရာနဲ့ မြင်းပန်းထိမ်မိန်းမတို့ နေ့စဉ်လိုလို ရန်ဖြစ်ရင်း လင်မယား အချစ်စမ်းတတ်ပုံ၊ အဲဒီလိုရန်ဖြစ်နေကျအတိုင်း ရန်ဖြစ်နေစဉ် မြင်းပန်းထိမ်ဆရာက သူ့မိန်းမကို နှိပ်စက်နေခိုက် ယင်းဖြစ်ရပ်ကို မြင်သွားသော ကိုဒေါင်းဟာ ဘယ်လိုမှ ကြည့်မရတော့တဲ့အတွက် လောက်လေးဖြင့်ဝင်ပစ်ပုံ၊ ကိုဒေါင်းပစ်ခတ်လိုက်သော လောက်စာလုံးက မြင်းပန်းထိမ်ဆရာ၏ နားထင်ကို ပြင်းထန်စွာထိမှန်သွားပုံ၊ မြင်းပန်းထိမ်ဆရာ အိမ်ထဲဝင်ပြေးသွားသော်လည်း ကိုဒေါင်းက အိမ်တွင်းထရံကို တဖုန်းဖုန်းမြည်အောင် လောက်လေးဖြင့် ဆက်ပစ်နေပုံ၊ နောက်ဆုံးတစ်ချက်ထပ်ပစ်မည်အလုပ်တွင် ထပ်ပစ်ခွင့်မရတော့ဘဲ မြင်းပန်းထိမ် မိန်းမကိုယ်တိုင် ကိုဒေါင်းကို လက်ရဖမ်း၍ ရဲစခန်းသို့ ခေါ်ဆောင်သွားပုံ၊ ရဲစခန်းတွင် မြင်းပန်းထိမ်မိန်းမရဲ့ အတိုင်ခံရပုံ၊ ရာဇဝတ်အုပ်မင်းက ကိုဒေါင်းအား ငွေငါးကျပ်ဒဏ်ရိုက်လိုက်ပုံ၊ ကိုဒေါင်းခမျာ သူ့အစ်မဝယ်ပေးထားသော ထားဝယ်လုံချည်အသစ်ကလေးကို အပေါင်ဆိုင်တွင် (အဆုံး) အပေါင်ခံ၍ ဒဏ်ငွေပေးဆောင်လိုက်ရပုံ ဖြစ်ရပ်ကလေးဖြင့် ဇာတ်လမ်းဆင်ကာ သူတစ်ပါးလင်မယားအကြားကို ကြားဝင်ဖြေရှင်းမိသဖြင့် ဒုက္ခလှလှရောက်ရသူ ကိုဒေါင်းရဲ့ စိတ်အမူအရာ၊ ကိုယ်အမူအရာတွေနဲ့ **__ဇာတ်လမ်း__** ဖန်တီးထားပါတယ်။ မတရားလုပ်တာကိုမြင်ပြီး မခံချင်စိတ်ကြောင့် ဝင်၍ဖြေရှင်းရာမှ ဒုက္ခရောက်ရသူ ကိုဒေါင်းရဲ့ ထားဝယ်လုံချည်အသစ်ကလေး ဆုံးရှုံးသွားရပုံကို ရယ်စရာဖြစ်အောင် ဖြစ်ရပ်စဉ်ချိတ်ဆက်ပြီး ဇာတ်လမ်းဆင်ရေးဖွဲ့ထားတယ်။

ဒီဝတ္ထုတိုမှာ အဓိက **__ဇာတ်ဆောင်__** တွေကတော့ မြင်းပန်းထိမ်လင်မယားနဲ့ မခံချင်သူ ကိုဒေါင်းတို့ပဲ ဖြစ်ပါတယ်။ မြင်းပန်းထိမ်လင်မယားဟာ ဘေးပတ်ဝန်းကျင်ကို အားမနာဘဲ မကြာခဏလင်မယားချင်းရန်ဖြစ်ရင်း အချစ်စမ်းတတ်ကြပါတယ်။ အဲဒီလို လူမြင်မကောင်း လူကြားမကောင်း ရန်ဖြစ်နေတာကို ကြားကနေ မခံချင်ဘဲ ဝင်ဖြေရှင်းတဲ့ ကိုဒေါင်းဟာ လင်မယားတို့ရဲ့သဘာဝကို နားမလည်တဲ့အတွက်ကြောင့် ရဲစခန်းမှာ အမှုဖြစ်ရပြီး ဒဏ်ငွေငါးကျပ် အတပ်ခံခဲ့ရပုံ၊ ဒဏ်ငွေဆောင်စရာ ပိုက်ဆံမရှိတဲ့ ကိုဒေါင်းဟာ သူ့အစ်မ လက်ဆောင်ဝယ်ပေးထားတဲ့ ထားဝယ်လုံချည်အသစ်ကလေးကို အပေါင်ဆိုင်မှာပေါင်ပြီး ဒဏ်ငွေ ဆောင်လိုက်ရပုံ၊ နောက်ပိုင်းမှာ ပြန်၍လည်း မရွေးနိုင်တော့သဖြင့် အဆုံးခံလိုက်ရပုံတို့ဖြင့် သရုပ်ဖော်ပြီး ထားဝယ်လုံချည်ဆိုတဲ့ လှပတဲ့ နိမိတ်ပုံကလေးဖြင့် ဇာတ်ဆောင်တို့ရဲ့ စရိုက်အမူအရာကို ပေါ်လွင်စွာ ရေးဖွဲ့ထားပါတယ်။

**__ကာလဒေသနောက်ခံ__** အနေနဲ့ကတော့ မိုးကလေးတစိမ့်စိမ့်ရွာနေတဲ့အချိန်၊ မြင်းပန်းထိမ်လင်မယား၏ အိမ်ရှေ့လမ်းမပေါ်တို့ဖြစ်ပြီး ရဲစခန်းအရောက်တွင် ရဲများဝိုင်းလာပုံ၊ လူစုလူဝေး ဖြစ်ပေါ်လာပုံတို့ဖြင့် သရုပ်ဖော်ပြီး ကာလနောက်ခံ၊ ဒေသနောက်ခံ၊ လူမှုနောက်ခံတွေကို ဖန်တီးတင်ပြထားခြင်း ဖြစ်ပါတယ်။

ဒီဝတ္ထုရဲ့ **__အရေးအဖွဲ့ပိုင်း__** ကို လေ့လာရာမှာတော့ ဇာတ်ဆောင်အချင်းချင်း အပြန်အလှန်ပြောစကားတွေ၊ လွယ်ကူရှင်းလင်းတဲ့ စကားသုံးတွေ၊ ဖျတ်လတ်သွက်လက်တဲ့ ရေးဟန်တွေ၊ ပေါ်လွင်ထိမိတဲ့ စကားလုံးတွေနဲ့ ရေးဖွဲ့ထားပုံတွေကို ဖော်ထုတ်လေ့လာရမှာ ဖြစ်ပါတယ်။ ရေးဟန်အနေနဲ့ကတော့ စာဖတ်သူကို စာရေးသူရှုထောင့်က ဝင်ကြည့်ခိုင်းတဲ့ ရေးဟန်မျိုးဖြစ်တယ်။

**__ရသနဲ့ အသိအမြင်__** ပိုင်းမှာတော့ လင်မယားတို့သဘာဝ ရန်ဖြစ်ရင်း အချစ်စမ်းတတ်ပုံကို နှစ်သက်ကြည်နူးစိတ်ဖြစ်ပေါ်လာစေတဲ့ သိင်္ဂါရရသကို ပေးစွမ်းနိုင်တယ်။ လင်မယားရန်ဖြစ်နေတာ ကြမ်းတမ်းလွန်းလှတဲ့အတွက် ရုဒ္ဒရသကို ပေးစွမ်းနိုင်ပါတယ်။ ကြားကနေ မနေနိုင်မထိုင်နိုင် လောက်လေးနဲ့ဝင်ပစ်တဲ့ ကိုဒေါင်းရဲ့ အမူအရာကိုကြည့်ပြီး အံ့အားသင့်ရတဲ့ အဗ္ဘုတရသကို အပြည့်အဝ ခံစားရမိနိုင်ပါတယ်။ မိမိဘက်ကဝင်ကူတဲ့ ကိုဒေါင်းကို ရဲစခန်းဆွဲခေါ်သွားတဲ့ မြင်းပန်းထိမ်မိန်းမရဲ့အပြုအမူကလည်း အံ့အားသင့်စရာဖြစ်လို့ အဗ္ဘုတရသကို ခံစားရပြန်ပါတယ်။ နောက်ဆုံးမှာ ဒဏ်ငွေငါးကျပ် ဆောင်လိုက်ရတဲ့ ကိုဒေါင်းရဲ့အဖြစ်ကတော့ သနားစရာကောင်းတဲ့ ကရုဏာ ရသခံစားရပြီး ထားဝယ်လုံချည်ကို ပေါင်ပြီး အဆုံးခံလိုက်ရတဲ့ ကိုဒေါင်းရဲ့ အဖြစ်ကတော့ ရယ်စရာကောင်းတဲ့ ဟဿရသကို ပေးစွမ်းနိုင်ပါတယ်။ အဲဒီလို ခံစားမိရင်း လူ့စိတ်လူ့သဘောဆိုတာ ဒီလိုပါလားဆိုတဲ့ အသိအမြင်ကို ရရှိစေတယ်။ လူဆိုတာ ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်သင့်ပါလား၊ သူများလင်မယားကြားကို မဝင်သင့်ပါလားဆိုတဲ့ အသိအမြင်တွေကို ရရှိလာစေပါတယ်။

**မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းချက်**

**မေးခွန်းနံပါတ် ၁**

စိတ်ကြိုက်မြန်မာစာမေးခွန်းမှာ မေးခွန်းနံပါတ် ၁ ဟာ ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ မေးခွန်း (က)၊ မေးခွန်း(ခ) နဲ့ မေးခွန်း(ဂ) ဆိုပြီး ပုဒ်ခွဲ (၃) ပုဒ် ပါဝင်ပါတယ်။

မေးခွန်း ၁။ (က) အနေနဲ့ မှား/မှန်ရောထွေး အမှန်ရွေးသည့် မေးခွန်းကို မေးပါတယ်။ ပြဋ္ဌာန်းစာအုပ်အားလုံးထဲက မေးမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၁။ (က) အောက်ပါတို့ကို မှားလျှင် **(မှား)**၊ မှန်လျှင် **(မှန်)** ဟု ဖြေပါ။ (၁၀ မှတ်)

(၁) အီနောင်နန်းတွင်းဇာတ်တော်ကြီးကို မြဝတီမင်းကြီး ဦးစ ရေးသားခဲ့သည်။

မေးခွန်း ၁။ (ခ) အနေနဲ့ကတော့ ကွက်လပ်ဖြည့်ရတဲ့ မေးခွန်း ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်အားလုံးထဲက မေးမှာဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။ (၁၀ မှတ်)

(၁) မဏိကက်ပြဇာတ်သည် တွေ့ရှိရသမျှ ပြဇာတ်များတွင် ---------- ပြဇာတ်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့

*စာမျက်နှာ ၁၆ မှ*

မေးခွန်း ၁။ (ဂ) အနေနဲ့ကတော့ ပေးထားတဲ့ ရွေးချယ်စရာအများထဲက အမှန်တစ်ခုကိုသာ ရွေးချယ်ရသည့်မေးခွန်း ဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်အားလုံးထဲက မေးမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။ (၁၀ မှတ်)

(၁) လှိုင်ထိပ်ခေါင်တင်သည်-------------------------------နန်းတွင်းဇာတ်တော်ကြီးကို ရေးသားခဲ့သည်။

(က)အီနောင် (ခ)ဣန္ဒာဝံသ (ဂ)ဝိဇယကာရီ

အခုမေးတဲ့ ဓမ္မဓိဋ္ဌာန်မေးခွန်းပုံစံဟာ သင်ရိုးသစ်၊ မေးခွန်းပုံစံသစ်ရဲ့ ထူးခြားချက်လို့ ဆိုနိုင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ အမှန်တကယ် သဘောပေါက်၊ မပေါက်ကို ဆန်းစစ်ကြည့်နိုင်ပါတယ်။ ကျောင်းသား ကျောင်းသူတွေ ပြဋ္ဌာန်းစာတွေ ကျေညက်၊ မကျေညက်ကိုလည်း ဆန်းစစ်ကြည့်နိုင်ပါတယ်။ ဉာဏ်စမ်းမေးခွန်းတွေကိုလည်း ဖန်တီးမေးမြန်းနိုင်ပါတယ်။ ဒါကြောင့် အမှန်တကယ် သဘောပေါက်နားလည်ထားရင် အမှတ်ပြည့်ရနိုင်တဲ့ မေးခွန်းပုံစံဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၂**

မေးခွန်းနံပါတ် ၂ ကတော့ မှတ်စုတိုမေးခွန်းဖြစ်ပါတယ်။ မေးခွန်း (၅)ပုဒ်မေးပြီး (၄)ခုကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ တစ်ပုဒ်ကို (၅) မှတ်ပေးပြီး စုစုပေါင်း အမှတ် (၂၀) ရနိုင်တဲ့ မေးခွန်းဖြစ်ပါတယ်။ ပြဋ္ဌာန်းစာအုပ်(၄)အုပ်စလုံးထဲက မေးမှာဖြစ်ပါတယ်။ မြန်မာပြဇာတ်ထဲက (၁)ပုဒ်၊ မြန်မာဝတ္ထုတိုထဲက (၁)ပုဒ်၊ မြန်မာစကားပြေထဲက (၁)ပုဒ်၊ စာအရေးအသားလမ်းညွှန်ထဲက (၁)ပုဒ်၊ မြန်မာစာပေသမိုင်းထဲက (၁)ပုဒ်မေးမယ်လို့ ဆိုလိုပါတယ်။ ပေးမှတ်ကတော့ (၂၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၂။ အောက်ပါတို့မှ (၄)ခုကို မှတ်စုရေးပါ။ (၂၀ မှတ်)

(က) ဒေဝကုမ္ဘန်ပြဇာတ်မှ ဆိုင်းဆင့်အဖွဲ့တစ်ခု

(ခ) ထားဝယ်လုံချည်ဝတ္ထုတိုမှ ဟာသအဖွဲ့တစ်ခု

(ဂ) ဥပါယ်တံမျဉ် ငါးပါး

(ဃ) မြန်မာစကားပြေအရေးအသားတွင် သတိပြုရေးသားရမည့်အချက်များ

(င) စာပေသစ်လှုပ်ရှားမှု

ဒီမေးခွန်းကို ဖြေဆိုတဲ့အခါမှာ မတိုမရှည် အပိုအလိုမရှိ ဖြေဆိုသင့်ကြပါတယ်။ အမှတ်ပြည့်ရနိုင်တဲ့ မေးခွန်းပုံစံ ဖြစ်ပါတယ်။

**မေးခွန်းနံပါတ် ၃**

မေးခွန်းနံပါတ် ၃ ကတော့ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုမေးခွန်းရှည် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၃ (က) မှာ မြန်မာဝတ္ထုတိုမေးခွန်းရှည် (၂)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။ မေးခွန်နံပါတ် ၃ (ခ) မှာ မြန်မာပြဇာတ်မေးခွန်းရှည် (၂)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၃။ (က) အောက်ပါတို့အနက် နှစ်သက်ရာ (၁၀ မှတ်)

**<u>တစ်ခု</u>** ကို ဖြေဆိုပါ။

ရာမမင်းသား လေးတင်ခန်းမှ ရာမမင်း၏ ဘုန်းလက်ရုံးနှင့် အောင်ပွဲဆင်ပုံ

ထားဝယ်လုံချည်ဝတ္ထုတို၏ ဇာတ်လမ်းအတင်အပြ

(ခ) အောက်ပါတို့အနက် နှစ်သက်ရာ (၁၀ မှတ်)

**<u>တစ်ခု</u>** ကို ဖြေဆိုပါ။

ဒေဝကုမ္ဘန်ပြဇာတ်မှ ဒေဝကုမ္ဘန်၏စရိုက်

ဗြဟ္မစရိယပြဇာတ်၏ ရည်ရွယ်ချက်နှင့် ပို့ဆောင်ပုံ

ဒီမေးခွန်းအတွက် အကြံပေးလိုတာက မေးခွန်းက ဘာကိုတောင်းဆိုနေတယ်ဆိုတာ သေသေချာချာသိအောင်အားထုတ်ပြီးမှ ဖြေဆိုသင့်ကြပါတယ်။ မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုမှ အမှတ်များများရနိုင်တဲ့ မေးခွန်းဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**မေးခွန်းနံပါတ် ၄**

မေးခွန်းနံပါတ် ၄ ကတော့ မြန်မာစကားပြေ မေးခွန်းရှည် ဖြစ်ပါတယ်။ အခန်း(၁) ရှေးစကားပြေ၊ အခန်း(၂) ခေတ်စကားပြေ၊ အခန်း(၃) ရသစာတမ်းတွေထဲက မေးခွန်းရှည် (၂)ပုဒ် မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၄။ အောက်ပါတို့အနက် နှစ်သက်ရာ (၁၀ မှတ်)

**<u>တစ်ခု</u>**ကို ဖြေဆိုပါ။

- တူရွင်းတောင်ဘုရားကျောက်စာပါ အကြောင်းအရာ
- အနုအရင့် ရသစာတမ်းသည် စကားပြေကောင်းတစ်ပုဒ်ဖြစ်ကြောင်း

ဒီမေးခွန်းအတွက် အကြံပေးလိုတာကတော့ အထက်ကမေးခွန်းလိုပါပဲ။ မေးခွန်းက ဘာကို တောင်းဆိုနေတယ်ဆိုတာ သေသေချာချာ သိအောင်အားထုတ်ပြီးမှ ဖြေဆိုသင့်ကြပါတယ်။ မေးခွန်းနဲ့ အံဝင်ခွင်ကျ ဖြစ်အောင် ဖြေဆိုမှ အမှတ်များများရနိုင်တဲ့မေးခွန်း ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**မေးခွန်းနံပါတ် ၅**

မေးခွန်းနံပါတ် ၅ ကတော့ စာအရေးအသားလမ်းညွှန်ဆိုင်ရာ မေးခွန်းရှည် ဖြစ်ပါတယ်။ စာအရေးအသားလမ်းညွှန်စာအုပ်ပါ အကြောင်းအရာ (၁၀)ခုထဲက မေးခွန်းရှည် (၂)ပုဒ် မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၅။ အောက်ပါတို့အနက် နှစ်သက်ရာ (၁၀ မှတ်)

**<u>တစ်ခု</u>** ကို ဖြေဆိုပါ။

- စိတ်ကိုရေးသောအတတ် ဆောင်းပါးမှ ပီမိုးနင်း၏ အမြင်
- စု၊ တု၊ ပြု ဆောင်းပါးမှ စာရေးရာတွင် နည်းမှီးခံယူသင့်သော အချက်များ

ဒီမေးခွန်းအတွက် အကြံပေးလိုတာကလည်း အထက်က မေးခွန်းလိုပါပဲ။ မေးခွန်းက ဘာကို တောင်းဆိုနေတယ်ဆိုတာ သေသေချာချာ သိအောင်အားထုတ်ပြီးမှ ဖြေဆိုသင့်ကြပါတယ်။ မေးခွန်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဖြေဆိုမှ အမှတ်များများရနိုင်တဲ့ မေးခွန်းဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**မေးခွန်းနံပါတ် ၆**

မေးခွန်းနံပါတ် ၆ ကတော့ မြန်မာစာပေသမိုင်းဆိုင်ရာ မေးခွန်းရှည် ဖြစ်ပါတယ်။ မြန်မာစာပေသမိုင်းစာအုပ်ပါ ကိုလိုနီခေတ်စာပေနဲ့ လွတ်လပ်ရေးခေတ်စာပေ အကြောင်းအရာတွေထဲက မေးခွန်းရှည် (၂)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ပေးမှတ်ကတော့ (၁၀ မှတ်) ဖြစ်ပါတယ်။

**နမူနာ**

၆။ အောက်ပါတို့အနက် နှစ်သက်ရာ (၁၀ မှတ်)

**<u>တစ်ခု</u>**ကို ဖြေဆိုပါ။

- မြန်မာစာပေသမိုင်းမှ ကိုလိုနီခေတ် ခေတ်စမ်းစာပေလှုပ်ရှားမှု
- မြန်မာစာပေသမိုင်းမှ လွတ်လပ်ရေးခေတ်ဝတ္ထုများ

စိတ်ကြိုက်မြန်မာစာဟာ မေးခွန်းကြီးအနေနဲ့ (၆) ပုဒ်ပဲ ဖြေရပြီးတော့ ဓမ္မဓိဋ္ဌာန်မေးခွန်းနဲ့ မှတ်စုတိုမေးခွန်းတို့ပါဝင်ပြီး မေးခွန်းရှည်အနေနဲ့ကတော့ ပြဋ္ဌာန်းစာအုပ် (၄) အုပ်မှာ မြန်မာပြဇာတ်နှင့် မြန်မာဝတ္ထုတိုက (၂)ပုဒ်မေးပြီး ကျန်(၃)အုပ်က (၁)အုပ်ကို (၁)ပုဒ်စီမေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်းအားလုံးဖြေဆိုဖို့ အရေးကြီးပါတယ်။ ပြဋ္ဌာန်းစာအုပ်(၄)အုပ်လုံးကို စိတ်ပါဝင်စားစွာနဲ့ စနစ်တကျလေ့လာကျက်မှတ်ထားမယ်ဆိုရင် မေးခွန်းအားလုံးကို အခက်အခဲမရှိ ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

သင်ရိုးသစ် စိတ်ကြိုက်မြန်မာစာဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအားလုံး ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ထူးချွန်စွာဖြေဆိုနိုင်ပြီး မိမိရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာ အရောက်လှမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"PDF အကြမ်းဖက်သမားတွေရဲ့ အကွဲအပြဲဇာတ်လမ်းများ"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NCA နှင့် ရိုးသားမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်မဲမြို့၌ အလုပ်တွင် ထိခိုက်သေဆုံးခြင်းကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ပေးအပ်

**ကျောက်မဲ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးရုံး၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း) အကျိုးခံစားခွင့် ပေးအပ်ခြင်းကို အောက်တိုဘာ ၁၇ ရက်က ကျောက်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လားရှိုးခရိုင်လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဘေဘီစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်း ပြောကြားပြီး ကျောက်မဲမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား (သံလမ်း) အင်ဂျင်နီယာဌာနမှ အာမခံအလုပ်သမား ဦးအုန်းကျော်၏ အလုပ်တွင် ထိခိုက်သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၇၂၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ညိုစမ်း (ခ) ညိုညိုစန်းထံသို့ ပေးအပ်ကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

## အသက်(၇၅)နှစ်ပြည့် မြန်မာ့အလင်းသတင်းထောက်များ သက်ကြီးပူဇော်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ အဖွဲ့ဝင် အသက် (၇၅) နှစ်ပြည့် မြို့နယ်သတင်းထောက်ကြီးများအား ဆဋ္ဌမအကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၂၁ ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ကိုးထပ်ကြီးဘုရားသင်္ဃိကသုခဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ကန်တော့ခံ အသက် (၁၀၄) နှစ်ရှိ အဘိုးတစ်ဦး အပါအဝင် ၁၈ ဦးအား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံများနှင့် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(မပျက်မကွက်) ကြွရောက်ကြရန်နှင့် နှစ်စဉ်ကြေးပေးသွင်းရန် ကျန်ရှိသူများအနေဖြင့်လည်း ဆက်သွယ် ပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ဖုန်း ၀၉၂၅၀၂၆၆၆၀၉၊ ၀၉၇၇၇၆၄၂၆၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## အယ်လ်နီညိုအကြောင်း သိကောင်းစရာဟောပြော

**စလေ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့်မကွေးခရိုင်ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ချောက်မြို့နယ် စလေမြို့၌ အယ်လ်နီညိုအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက်က ကျင်းပရာ တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်မေသန္တာဝင့်က အသိပညာပေးဟောပြောပြီး အယ်လ်နီညိုအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဟောပြောပွဲတွင် စလေမြို့ရှိ အင်းသားကြီးများ၊ ရေလုပ်ငန်းရှင်များနှင့် ငါးမွေးမြူသူလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

**ဇော်ဘီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်-၆၆၃(အေ)၊ ကွင်းအမည်-ရာမဏီ၊ ဦးပိုင်အမှတ် (၃၆/ ၃)ဟုခေါ်တွင်သော ဒေါ်သန်းကြည်အမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်အနက်မှ (၂၀x၆၀)ပေ အကျယ်ရှိမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ထပ်နေအိမ်နှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူဦးမြင့်အောင် (၁၂/သလန(နိုင်)၁၃၇၉၅၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**ဦးဝေယံဖြိုး(၈/သရန(နိုင်)၀၉၉၃၆၀)နှင့်**
**ဒေါ်သန္တာတင် (၁၂/ပဇတ(နိုင်)၀၃၄၃၀၃)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြနှင်းယု(LL.B., D.B.L., D.M.L) အထက်တန်းရှေ့နေ(စဉ်-၃၃၄၈၀)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၆၇၁၉၆၂၉၅**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အ.မ.က(ပြည်တော်သာ)ကျောင်းမှ ဦးအောင်မျိုးဟိန်း ၇/နတလ(နိုင်)၀၉၄၃၀၈၏သမီး၊ Grade-5 မှ မမြင့်မိုရ်ချစ်နှင့်သား Grade-2မှ မောင်မျိုးမင်းခန့်တို့၏အမည်မှန်မှာ မမြတ်နိုးအိမ်နှင့် မောင်ကောင်းဆက်သူတို့ ဖြစ်ပါကြောင်း။ **မမြတ်နိုးအိမ် မောင်ကောင်းဆက်သူ**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အ.ထ.က(နတ်တလင်း) Grade-9(B)မှ ဦးရဲကျော် ၇/နတလ(နိုင်)၁၁၈၁၃၇ ၏ သမီး အမည်မှန်မှာ မချယ်ရီစိုး ဖြစ်ပါကြောင်း။

**မချယ်ရီစိုး**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ စည်ဆွဲကျေးရွာနေ ဦးအောင်ကိုလွင်၏သား မောင်ဖြိုးပြည့်စုံ ၈/စလန(နိုင်)၂၃၉၃၈၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၄-၂-၂၀၀၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက(ခွဲ) တုံးအိုင်ကျောင်း Grade-10 မှ မောင်မင်းခန့်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၁၂/သကတ(နိုင်)၁၈၆၉၆၈ ဖြစ်ပါကြောင်း။

**ဦးဝင်းလှိုင်**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/1202, SUZUKI CIAZ CVC41S ,S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်သန်း ၁၂/တတန(နိုင်)၁၄၂၈၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ်(၁၁၃)၊ ကသဲစု အရှေ့အကွက်၊ ဦးပိုင်အမှတ် (၃)၊ ဧရိယာ (၀.၄၃၅)ဧကအတွင်းမှဧရိယာ (၀.၃၀၆)ဧကရှိ ဒေါ်စန်းအောင်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်၊ တဂေါင်းဘုရားလမ်းနေ ဒေါ်ခင်နန်းမော်၊ ဦးသော်ထက်၊ ဒေါ်ခင်အေးမော်၊ ဒေါ်အေးယု မော်တို့မှတိုးဘပိုင်မြေ အမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့်ရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇၄)၊ အမှတ်(၂)လမ်းမကြီး နှင့် အမှတ် (၇) မြို့ပတ်လမ်းမဆုံရာ ဒီဇင်ဘာသီရိဂေဟာမြို့တော်၊ (တောင်ဒဂုံမြို့နယ်) ရှိ အမှတ်(၉၆)၊ အခန်းအမှတ်(၁၀၁)၊ မြေညီထပ် (ဘယ်) အခန်းအား ဦးအေး(၉/မရတ (နိုင်) ၀၆၆၀၂၃) ဖြင့် ဝယ်ယူထားသော တိုက်ခန်းအရောင်းအဝယ်ငွေအကျေပေးကတိစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီသို့ တိုက်ခန်းအရောင်းအဝယ်ငွေ အကျေပေးကတိစာချုပ် ပြန်လည်ချုပ်ဆိုပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အမှတ် (၂၇၃/က)၊ ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်၊ မြေညီထပ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၀၅၀၉၂၆၇

ဒေါ်တင်စိန်၏လွှဲအပ်ညွှန်ကြားချက်အရ -
**ဒေါ်ဝေဝေခိုင်(LL.B, D.B.L )**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၉၂)
အမှတ်-၃၃/၄၉၊ ပထမထပ်၊ အခန်း(၃) **Strand Condo**၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၅၀၀၀၃၄၀

## စာအုပ်စာပေ လူ့မိတ်ဆွေ



## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၇

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

## သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၉၅၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၀၀ (အလေးချိန် ၃၈ ကီလို) ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၉၅၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၀၀ (အလေးချိန် ၃၈ ကီလို) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး၌ တောင်ကြီးမှ သာစည်ဘက်သို့ တင်မောင် မောင်းနှင်လာသည့် CELSIOR မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၉၅၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၀၀ (အလေးချိန် ၃၈ ကီလို) သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ညောင်ရွှေမြို့နယ်မှ တပ်ကုန်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၀ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၅၅ ကျပ် | ၂၃၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၇၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၅ ကျပ် | ၂၀၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၁၅ ကျပ် | ၂၁၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၂၁၅၇ | ၁၉၁၉၇၃၀၀ |
| MTSH | ၂၉၅၀ | ၃၀၀၀ | ၃၂၅၅ | ၉၇၀၇၅၀၀ |
| MCB | ၈၄၀၀ | ၈၀၀၀ | ၁၁ | ၈၈၄၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၅၇၇၃ | ၈၅၄၄၁၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၃၁ | ၈၀၆၀၀ |
| EFR | ၂၁၅၀ | ၂၁၀၀ | ၂၀၂ | ၄၂၄၃၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၆၃၂ | ၃၀၉၆၈၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၃၉၅၃ | ၆၉၅၅၂၅၀ |

ညီညီ - စုစည်းသည်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်သည်-

၂။ **ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ -**

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်(နိုင်)/(ပြု)/(ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။

**မှတ်ချက်။** ဝင်ခွင့်လျှောက်ထားချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)/(ပြု)/ (ဧည့်) လက်ဝယ်ကိုင်ဆောင်တင်ပြနိုင်ခြင်းမရှိပါက ရမှတ်မည်မျှပင် ရရှိစေကာမူ လူတွေ့နှုတ်မေး စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ဓနု၊ပအိုဝ်း၊ပလောင်၊ကိုးကန့်၊ဝ) တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

**မှတ်ချက်။** အပိုဒ်(ခ)ပါဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊၉-တန်း၊၁၀-တန်း) ကို ခက်ခဲဒေသတွင် (၃)နှစ် ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။

(ဃ) ၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာစုစုပေါင်းရမှတ် (၄၅၀)နှင့်အထက်ရရှိသူဖြစ်ရမည်။ အဆိုပါ (၆)ဘာသာစုစုပေါင်းရမှတ်(၄၅၀)နှင့်အထက်ရရှိ သူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (၃)ဘာသာစုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

(င) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန၏ Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၏ Website www.hrh.gov.mm တို့တွင် ကြေညာမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက်**(မပျက်မကွက်)**လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီ ဝင်ရောက်ဖြေဆိုခြင်းမရှိသူများအား (၃)ဘာသာစုစုပေါင်းရမှတ် မည်မျှပင်ရရှိစေကာမူ လုံးဝ**(လုံးဝ)** လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာစုစုပေါင်းရမှတ်နှင့် လူတွေ့ နှုတ်မေးစာမေးပွဲဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုမည်။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြား အကြောင်းကြားပေးမည်မဟုတ်ပါ။

(ဈ) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုပါရန် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(ည) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်။

(ဋ) ကတိခံဝန်ချက်စာချုပ်ပါ ကတိပြုချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပျက်ကွက်ပါက သို့မဟုတ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ (၆၀,၀၀၀,၀၀၀/-)(ကျပ်သိန်းခြောက်ရာတိတိ)ကို ပေးလျော်ရန်နှင့် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ အရေးယူခြင်းကိုလည်းခံရမည်ဖြစ်ပါသည်။ ထို့အပြင်အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ) ထုတ်ပေးမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူအောက်ပါအချက်များကို ပူးတွဲတင်ပြရမည် -

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း)** (၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌(၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအား ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ် ပညာရေးမှူးတို့၏ ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။** အထူးအခွင့်အရေးအဖြစ်ဆေးတက္ကသိုလ်သို့တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌ (သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်-

၅။ လျှောက်လွှာများကို (၁၆-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်း အမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထား ရမည်ဖြစ်သည်။

၆။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသောလျှောက်လွှာများ၊ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသောလျှောက်လွှာများနှင့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိသောလျှောက်လွှာများအား လုံးဝ**(လုံးဝ)** ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့်ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိတက်ရောက်ရမည်ဖြစ်သည်။ (တက္ကသိုလ်ပြောင်းရွှေ့ပညာသင်ကြားခွင့်အား လုံးဝ(လုံးဝ)ခွင့်ပြုမည်မဟုတ်ပါ)

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

ဓါတ်ပုံ

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
## (၂၀၂၃-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) ------------------------------------ ကျား ☐ မ ☐
(အင်္ဂလိပ်) ------------------------------------
၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------
၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်)------------------------------------
၄။ လူမျိုး ------------------ ကိုးကွယ်သည့်ဘာသာ ------------------
၅။ ဖခင်အမည် ------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------
အလုပ်အကိုင်------------------------------------
၆။ မိခင်အမည် ------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------
အလုပ်အကိုင်------------------------------------
၇။ အဋ္ဌမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း------------------မြို့နယ်
------------------မြို့------------------ပြည်နယ်/တိုင်းဒေသကြီး
၈။ နဝမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း ------------------ မြို့နယ်
------------------မြို့------------------ပြည်နယ်/တိုင်းဒေသကြီး
၉။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်------------------ခုံအမှတ်------------------
(၆)ဘာသာစုစုပေါင်းရမှတ်--------၊ (၃)ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)------------------
အောင်မြင်သည့်စာစစ်ဌာန------------------မြို့နယ်
------------------မြို့၊ ------------------ပြည်နယ်/တိုင်းဒေသကြီး
၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်------------------
၁၁။ အမြဲနေထိုင်သောလိပ်စာ ------------------------------------
------------------------------------
၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်------------------------------------
------------------------------------
၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------

------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ------------------

------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်**

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
# နည်းပညာတက္ကသိုလ်(ကျောက်ဆည်)
# မဟာအင်ဂျင်နီယာ/မဟာသိပ္ပံဘွဲ့ သင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂၃)ရက်တွင်စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာ/မဟာသိပ္ပံဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

| | |
|---|---|
| (က) မြို့ပြအင်ဂျင်နီယာ | (စ) မက္ကာထရောနစ်အင်ဂျင်နီယာ |
| (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ | (ဆ) သတ္တုဗေဒအင်ဂျင်နီယာ |
| (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ | (ဇ) နျူကလီယားအင်ဂျင်နီယာ |
| (ဃ) စက်မှုအင်ဂျင်နီယာ | (ဈ) ဇီဝနည်းပညာ |
| (င) သုတနည်းပညာ | |

၂။ အထက်ပါ မဟာအင်ဂျင်နီယာ/မဟာသိပ္ပံဘွဲ့ သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြု သင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင် မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ သုတေသနကျမ်းပြုသင်တန်း သို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရပါမည်။

(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့/သိပ္ပံဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့/ မဟာသိပ္ပံဘွဲ့ သင်တန်းများသို့ တက်ရောက်ရန်အဆင့်မီသူများဖြစ်ရမည်။

(ဂ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် မဟာအင်ဂျင်နီယာဘွဲ့/မဟာသိပ္ပံဘွဲ့ သင်တန်းများသို့ တက်ရောက်ရန်အဆင့်မမီသူများဖြစ်ပါက တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ ကျောင်းအုပ် ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့/မဟာသိပ္ပံဘွဲ့ သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်းအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှထောက်ခံစာ (မူရင်းနှင့် မိတ္တူ)တို့ ကိုပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ (၁၇-၁၀-၂၀၂၃) အင်္ဂါနေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး(၁၄-၁၁-၂၀၂၃)အင်္ဂါနေ့ နောက်ဆုံးထား၍ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၅-၁၁-၂၀၂၃)ဗုဒ္ဓဟူးနေ့ တွင် စတင်ထုတ်ပေး မည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် အောက်ပါ အစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်။

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၆-၁၁-၂၀၂၃(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက်(၉း ၀၀)နာရီမှ(၁၂း၀၀)နာရီ |
| ၁၇-၁၁-၂၀၂၃(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉း ၀၀)နာရီမှ(၁၂း၀၀)နာရီ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို(၁၉-၁၁-၂၀၂၃)တနင်္ဂနွေနေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို(၂၀-၁၁-၂၀၂၃)တနင်္လာနေ့မှစ၍ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် ပြုလုပ်မည်ဖြစ်သည်။ မဟာအင်ဂျင်နီယာဘွဲ့/မဟာသိပ္ပံဘွဲ့ သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၂၁-၁၁-၂၀၂၃)အင်္ဂါနေ့တွင် ထုတ်ပြန်ကြေညာပေးမည်။

နည်းပညာတက္ကသိုလ်(ကျောက်ဆည်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ ရေဝဏ်လမ်း၊ Tostaအိမ်ရာ၊ တိုက်အမှတ်(E-1)၊ အခန်းအမှတ်(၂၀၂)ဟုခေါ်တွင် အမည်ပေါက်လျက်ရှိသော တိုက်ခန်းနှင့် ထိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလပိုင်ရှင် TOSTA GROUP LTD(ကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ)ဦးသန့်ဇင်ထံမှ ဦးမြင့်ဦး(၁၂/အစန(နိုင်)၀၂၇၉၆၅)က အရစ်ကျငွေပေးသွင်းဝယ်ယူကာ အဆင့်ဆင့်ပြန်လည်ရောင်းချခဲ့ရာမှ အစဉ်အဆက်စာချုပ်ချုပ်ဆို ဝယ်သူထားသည့် နောက်ဆုံးဝယ်ယူထားသူ ဒေါ်ညွန့်ညွန့်ရွှေ (၁၄/ရကန(နိုင်)၀၁၅၄၆၃)၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၅)ရပ်ကွက်၊ရေဝဏ်လမ်း Tosta အိမ်ရာ၊ တိုက်အမှတ်( B-3)၊ အခန်းအမှတ်(၄၀၂)နေသူထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်ဖြူစင်ထွန်း(၇/ပခန (နိုင်)၃၄၂၃၁)က အရောင်းအဝယ်စာချုပ်ချုပ်ဆို ဝယ်ယူရာတွင် ကျန်ငွေအချို့သာပေးချေရန် ကျန်ရှိနေပါသည်။

ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ညွှန်ကြားသူ | ညွှန်ကြားချက်အရ |
| ဒေါ်ဖြူစင်ထွန်း(၇/ပခန(နိုင်)၃၄၂၃၁) | ဒေါ်ငွေငွေရီ |
| A Bank ဘေးချင်းကပ်တိုက်၊ | (တရားလွှတ်တော်ရှေ့နေ) |
| ဗညားဒလလမ်း၊ | စဉ်-၆၅၃၅ |
| မင်္ဂလာတောင်ညွန့်မြို့နယ်၊ | H.G.P, LL.B,D.L-101 WIPO |
| ရန်ကုန်တိုင်းဒေသကြီး။ | (Switzerland), B.D.S(MOFA) |
| | တိုက်(၂)၊ အခန်း(၀၀၁)၊ နှင်းဆီကုန်း |
| | အဆင့်မြင့်အိမ်ရာ၊ (က)ရပ်ကွက်၊ |
| | သဃ်န်းကျွန်းမြို့နယ်၊ |
| | ရန်ကုန်တိုင်းဒေသကြီး |
| | ဖုန်း-၀၉-၅၀၈၉၂၃၉ |

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/41237 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)ကျိုင်းတုံမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4W/74767, Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးပြည့် ၉/ပမန(နိုင်)၁၇၉၃၅၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်ရုံး)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုံမြို့နယ်၊ ၃၃ကေဗွီ ဟံ့ဟိုင်းဓာတ်အားခွဲရုံရှိ 12kV IndoorSwitchgear Panel များတွင် Substation Automation System (SAS) ရရှိနိုင်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက်ပုတ်ပြတ် (Turnkey) စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၈.၁၀.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်

၃။ တင်ဒါပိတ်ရက်မှာ(၁.၁၁.၂၀၂၃)ရက်နေ့(၁၄း၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အ.ထ.က(စံရွေး) Grade-12 မှ မဇင်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်အေး ၇/သဝတ(နိုင်) ၁၁၈၀၉၀ ဖြစ်ပါကြောင်း။

ဦးမောင်မောင်အေး
၇/သဝတ(နိုင်) ၁၁၈၀၉၀

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လှည်းပြင်တင်ကျေးရွာအုပ်စု၊ လှည်းပြင်တင်ကျေးရွာနေ (ဘ) ဦးသိန်းစိုး၏ သမီး မသန္တာဦး ၇/မလန(နိုင်)၀၇၈၆၀၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၇-၁၉၈၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁/ကွက်သစ်ရပ်)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ (၀.၀၉၃) ဧကရှိ ဝင်းမြေအား ဦးလားပက်ကီးမာ(ဘ)ဦးကြောင်းကီးမာ (၅/ကလထ(နိုင်)၁၆၅၇၇၄)က ၎င်းအမည်ဖြင့် မြေဂရန်အသစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများစသည့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလားပက်ကီးမာ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နွယ်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ စဉ်-၉၂၁၆/၂၀၁၃
အောင်မင်္ဂလာရပ်ကွက်၊ နယ်မြေ(၄၉/၈)၊ ကလေးမြို့
ဖုန်း- ၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄

## အများသိစေရန်ကြေညာခြင်း

